ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်၊ ကြာသပတေးနေ့၊ (23-9-2010) (၆၅၃၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၂၃

၂၀၁၀ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုမြန် မာ နိုင် ငံ တော် ဆိုင် ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော်　　စက်တင်ဘာ　　၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မှတ်ပုံတင်ခွင့် ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော်　　စက်တင်ဘာ　　၂၂

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က) နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့် ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ကမန်အမျိုးသားတိုးတက်ရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သဖြင့် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၃၅)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

၂၃-၉-၂၀၁၀
(ကြာသပတေးနေ့)

ဈေးကွက်ခိုင်မာ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုး

မြန်မာ့လယ်ယာတစ်ခွင်တွင် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး အကျိုးပြု ဆည်တမံရေထိန်းတံခါးများ တည်ဆောက်ပေးလျက်ရှိရာ ဆည်ရေသောက် စိုက်ဧကများ တိုးပွားလာနေပြီ။ လယ်ယာကဏ္ဍ သီးနှံထုတ်လုပ်မှု တိုးတက်လာရေးအတွက် နိုင်ငံတော်က သီးနှံမျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် လိုအပ်သော သွင်းအားစုများ ပံ့ပိုးပေးနေသည်။

အထက်အညာဒေသ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးများနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စသည့် ဒေသတို့တွင် အောင်မြင်ဖြစ်ထွန်းနေသော သီးနှံတစ်မျိုးမှာ ငွေချည်(၆) ချည်မျှင်ရှည်ဝါ ဖြစ်သည်။ ယခုနှစ် စိုက်ပျိုးရာသီ၌ အဆိုပါ တိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့အပါအဝင် တစ်နိုင်ငံလုံးတွင် ဧကခြောက်သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်သည်။

ငွေချည်(၆) ချည်မျှင်ရှည်ဝါကို မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီစေရန် သုတေသနပြု ထုတ်လုပ်ထားသည်။ မိုးကြို၊ မိုးနှောင်း ရာသီမရွေး စိုက်ပျိုးနိုင်သည်။ ရာသီဥတုဒဏ်၊ သီးလုံးဖောက်ပိုးဒဏ် ခံနိုင်ရည်ရှိသည်။ လက်ရှိဝါစိုက်ပျိုးရာ ဒေသအားလုံး၌ စိုက်ပျိုးဖြစ်ထွန်းပြီး ဝါသီးတင်မှုနှုန်း မြင့်မားသည်။ ဝါပေါက်ညီညာ၊ ဝါပေါက်ကြီး၍ အလေးချိန်စီးသည်။ တစ်ဧက ဝါပိဿာ တစ်ထောင်ကျော် ထွက်ရှိကြောင်း သိရသည်။

ဝါသည် ရှေးကျသည့် သီးနှံဖြစ်သော်လည်း စိုက်ပျိုးနည်းပညာ ကျယ်ပြန့်သည့်အပြင် ဝါတစ်ပင်လုံးကို အသုံးပြု၍ လူသုံးကုန်ပစ္စည်း အမျိုးပေါင်းများစွာ ထုတ်လုပ်သုံးစွဲနိုင်သည်။ ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီကြည်၊ ဝါစေ့ကြိတ်ဖတ်၊ ဝါစေ့ခွံ စသည့် ပစ္စည်းများထွက်ရှိပြီး ချည်မျှင်၊ အဝတ်အထည်၊ ဆေးဂွမ်း၊ ပတ်တီး၊ စားသုံးဆီ၊ တိရစ္ဆာန်အစားအစာ၊ သဘာဝမြေဩဇာနှင့် အလှကုန်ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုကြသည်။

ကမ္ဘာတွင် ဝါစိုက်ပျိုးဖြစ်ထွန်းသည့် နိုင်ငံပေါင်း ၇၀ ခန့်သာရှိပြီး ဝါနှင့် ဝါဂွမ်းသည် ပြည်တွင်း၊ ပြည်ပဈေးကွက်များ၌ အရောင်းအဝယ်ဖြစ်ထွန်းနေသော သီးနှံဖြစ်သည်။ ကမ္ဘာ့ဝါဂွမ်းအထွက်၏ ၃၀ ရာခိုင်နှုန်းသည် နိုင်ငံတကာဈေးကွက်၌ ရောင်းဝယ်ဖြစ်ထွန်းလျက်ရှိရာ ဈေးကွက်ခိုင်မာသော သီးနှံဖြစ်သည်။

ဝါစိုက်တောင်သူများအနေဖြင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးပြီး သွင်းအားစုနှင့် နည်းပညာများ မှန်ကန်စွာအသုံးချခြင်းဖြင့် အရည်အသွေးကောင်း ဝါဂွမ်းများ ထွက်ရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိရာ ဈေးကွက်ခိုင်မာ ဝင်ငွေတိုး အကျိုးဖြစ်ထွန်းမှုများသည့် တစ်ဧကအထွက်နှုန်းကောင်း ငွေချည်(၆)ချည်မျှင်ရှည်ဝါများကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများအား ကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၁၀ ခုနှစ် (၁၅) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းများအား ကြိုဆိုပွဲနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ကေတုမတီ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တောင်ငူတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်ပညာရေးကောလိပ်နှင့် မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက ပြိုင်ပွဲကျင်းပပေးရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများ ပေးအပ်ပွဲကို ကျင်းပရာ ဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီများ၊ တက္ကသိုလ်များ၊ ကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်းများ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် တောင်ငူခရိုင် အားကစားကွင်း၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံ မွန်ပြည်နယ်အသင်းက ဝန်ကြီးထံ ဒိုင်းဆုကို ပြန်လည်အပ်နှံသည်။

ထို့နောက် ဝန်ကြီးက (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးက ဖွင့်ပွဲတွင် ပါဝင်ကူညီကြသည့် အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲနေ့ပွဲစဉ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ မြစံပယ် (၁) လမ်းနေ ဦးမောင်မောင်သန်း၊ ဇနီး ဒေါ်ခင်ဌေးမြင့် (ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန) မိသားစုက သမီး မဆုမွန်မောင်မောင်၊ သား မောင်မိုးမြင့်မောင်မောင်တို့၏ မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းကို တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများ ဆေးပဒေသာပင်အဖြစ် စက်တင်ဘာ ၉ ရက်က အလှူရှင်ကိုယ်စား ဦးသန်းညွှန့်က ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (၃၄၂)

ဒုတိယအကြိမ်မြောက် Lenovo Country Road Show တွင် ဝယ်ယူအားပေးခဲ့သော Customer များအား ကံစမ်းမဲဖွင့်ပေး

ရန်ကုန် စက်တင်ဘာ ၂၂

ဒုတိယအကြိမ်မြောက် Lenovo Country Road Show တွင် ဝယ်ယူအားပေးခဲ့သော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် တစ်သိန်းဆု ၁၀ ဆု ကံစမ်းမဲဖွင့် ရွေးချယ်ပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ Mnigo Snacks & Beverage၌ စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့ရာ KMD Computer Group မှ Sales Director ဒေါ်သင်းသင်းစိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Sales Supervisor ဦးလွင်ထူးအောင်က မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပခဲ့သော Lenovo Country Road Show အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စာနယ်ဇင်းများမှ တာဝန်ရှိသူများက ကံထူးရှင်များအား မဲနှိုက်ရွေးချယ်ပေးကြသည်။

ဒုတိယအကြိမ်မြောက် Lenovo Country Road Show တွင် ဝယ်ယူအားပေးခဲ့သော Customer များအား တာဝန်ရှိသူများက ကံစမ်းမဲဖွင့်ရွေးချယ်ပေးစဉ်။ (သတင်းစဉ်)

Lenovo ဝယ်ယူအားပေးသော Customer များအတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်စေရန်နှင့် အသစ်ထွက်ရှိသော နည်းပညာအသစ်အဆန်းများပါဝင်သည့် Product များကို အမြဲထိတွေ့ သိရှိနိုင်စေရန် ရည်ရွယ်၍ မြန်မာတစ်နိုင်ငံလုံးတွင် Lenovo Country Road Show ကို အခါအားလျော်စွာ ကျင်းပပေးခဲ့သည်။

ပြပွဲကာလအတွင်း နည်းပညာအသစ်များဖြင့် ထွက်ရှိလာသော ပစ္စည်းအသစ်အဆန်း အစုံအလင်ကို ပြသပေးနိုင်ခဲ့သည့်အပြင် P6100 Processor ဖြင့် ငွေကျပ်လေးသိန်းခွဲဝန်းကျင်ရှိ Lenovo G4 60L Notebook, Desktop များ၏ နေရာတွင် အစားထိုးနေရာယူလာမည့် All-in-One PC များ၊ Graphic Designer များ၊ အင်ဂျင်နီယာ ဒီဇိုင်းဆွဲသူများ၊ Gamer များ အကြိုက်တွေ့ခဲ့ကြသည့် 15.6" LCD Display ပါဝင်သော Lenovo Y560 Notebook၊ i NGO အဖွဲ့အစည်းများမှ စံအဖြစ်သတ်မှတ်၍ အသုံးပြုသော Lenovo ThinkPad Notebook များကိုလည်း ပြသရောင်းချခဲ့ရာ ဝယ်ယူသူများအနေဖြင့် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ခဲ့ကြကြောင်း သိရှိရသည်။

Intel မှ အသစ်ထွက်ရှိလာသော P6100 Processor များသည် Core i နည်းပညာဖြင့်ထုတ်လုပ်ထားသော Dual Core Processor များဖြစ်သောကြောင့် ယခင် Pentium Dual Core Processor များတွင် မရရှိသော Full-HD movie များကို ကြည့်ရှုရာတွင် သီးသန့် Graphic Card ထပ်တပ်စရာ မလိုသော HD Graphic နည်းပညာ၊ လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပိုမိုမြန်ဆန်စေမည့် Quick Path Interface (QPI) နှင့် L3 Cache စသော နည်းပညာများလည်း ပါဝင်လာခဲ့ခြင်းကြောင့် လူကြိုက်များလာရခြင်းဖြစ်သည်။ Lenovo Road Show များကို အခါအားလျော်စွာ ကျင်းပပေးသွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက Lenovo Authorised Distributor: DCD (KMD Computer Group) ဖုန်း-၂၉၆၅၇၉ နှင့် ၂၄၅၁၈၀ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အလိမ်မှာ စာမှာရှိ

သောက်သုံးရေရရှိရေး

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လာဘကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို စက်တင်ဘာ ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဖြူနှင့် တောင်ကုတ်မြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် စက်တင်ဘာ ၁၄ ရက်တွင် တောင်ကုတ်မြို့နယ် ကျီဖြူတောင်ကျေးရွာသို့ ရောက်ရှိ၍ လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် မအီမြို့ ပြင်ဝန်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လမ်းလုပ်ငန်းများကို စစ်ဆေးကာ တာဝန်ရှိသူတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် တောင်ကုတ်မြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး တပ်နယ်မိသားစုများ၏ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ် (၃/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** သင်တန်းခန်းမ e- Learning Centre ၌ ကွန်ပျူတာ Network စနစ်များ တပ်ဆင်ထားရှိမှုနှင့် သင်ခန်းစာပို့ချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ ဖွင့်လှစ်သော ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းတွင် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာအသုံးချမှု Application များ၊ Network ချိတ်ဆက်မှုစနစ်များနှင့် e- Government အခြေခံစနစ်များကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

(၆၆) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

(၂၈)-(၂၉) ရက်

အစည်းအဝေးခန်းမ

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်

နေပြည်တော်

ဝန်ကြီး ဦးညာဏ်ဝင်း ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆာအု(ဒ်)အယ်လ်ဖိုင်ဆယ် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကမ္ဘာ့စားနပ်ရိက္ခာနေ့အား ကြိုဆို ပိုစတာပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကြိုဆိုသောအားဖြင့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ ပိုစတာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အထက(၂) လသာ၌ စက်တင်ဘာ ၁၉ ရက် နံနက်က ကျင်းပသည်။

ပြိုင်ပွဲသို့ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းမှ ကျောင်းသား၊ ကျောင်းသူ ၁၄၈ ဦးတို့က လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ကြရာ FAO မှ တာဝန်ရှိသူများ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းမြင့်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** (ပညာရေး)

ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်နှင့် အဖွဲ့ Bangkok Software Summit 2010 တက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Queen Sirikit National Convention Center ၌ စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် Bangkok Software Summit 2010 သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်သန်းညွှန့် (Soft Guide) နှင့် ဒေါက်တာမျိုးနိုင်တို့သည် စက်တင်ဘာ ၂၁ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးထင်အောင်ခိုင်၊ အတွင်းရေးမှူး ဦးဇော်မင်းဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစောရန်နိုင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)

၂၃-၉-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (တော်သလင်းလပြည့် ဂရုဓမ္မ အခါတော်နေ့တရားတော်) ဥပုသ်နေ့နှိုးဆော်ချက်
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ဒေါသစိတ်ကိုမမွေးအပ်)
၈း၅၀ နဝင်္ဂဥပေါသထသီလပေးတရား (ဘဒ္ဒန္တ သုဓမ္မာစာရ)
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ပန်ဆုပြည့်ကျော်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (မီဂါကြယ်အကြောင်း+ ယင်ကောင်ရဲ့ မျက်လုံးကို စစ်ဆေးသည့်ကိရိယာ)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတရားတော် (ဘဒ္ဒန္တ ပဏ္ဍဝံသ)
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (တော်သလင်းလလှေပြိုင်ပွဲကျင်းပ -ဂရုဓမ္မသီလစောင့်ထိန်းကြ)
၁၂း၃၀ Music Talk တေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ အမှတ်တရတေးလက်ဆောင်
၅း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (စကားပြောပါ) တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ရေဒီယိုဇာတ်လမ်းတွဲ (ဇနီးချောများကွန်ရက်-ပထမပိုင်း)
၆း၀၀ ညနေခင်းသတင်း
၆း၁၀ ညနေခင်းတေးပဒေသာ
၆း၂၅ ကျေးလက်ဇာတ်လမ်း (နောက်ပိုး)
၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း
၇း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀ သုတစုံကြွယ်သိစေဖွယ် (အင်တာနက်သတင်းဆန်းများ)
၇း၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၈း၀၀ ပြည်တွင်းသတင်း
၈း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (အချစ်သည်ဘဝလား၊ ဘဝသည်အချစ်လား)
၈း၅၀ သူ့လက်သံ (အကယ်ဒမီဂီတလုလင်ဦးကိုကိုရဲ့ အော်ဂင်လက်သံ) စီးပွားရေးဦးတည်ချက်
၉း၀၀ ဆောင်းပါး (တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့)
၉း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၉း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာတရားတော်
၁၀း၀၀ အစီအစဉ်ပြီး၏။

ကွန်ကရစ်တံတား ဆောက်လုပ်မှု စစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၂၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော ယုဇနရပ်ကွက် ဈေးကြီးလမ်းပေါ်ရှိ ကွန်ကရစ်တံတား ဆောက်လုပ်ထားမှုကို စက်တင်ဘာ ၁၅ ရက်က အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဝင်းခိုင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဥတုရာသီ

တောကို မှီ၏

နေရင်းနိုင်ငံကို စွန့်ခွာခဲ့သော အီရတ်နိုင်ငံသားများကို ဥရောပနိုင်ငံများ ပြန်လည်နှင်ထုတ်

ဘဂ္ဂဒက် စက်တင်ဘာ ၂၂ - အီရတ်ပြည်တွင်းရေး အခြေအနေသည် အန္တရာယ်ကြီးမားနေဆဲဖြစ်သောကြောင့် ဥရောပတိုက်၌ ခိုလှုံရန် အီရတ်နိုင်ငံသားများ၏ ကြိုးပမ်းမှု ပျက်ပြားခဲ့ရပြီးနောက် ၎င်းတို့ကို နေရင်းနိုင်ငံသို့ ဥရောပနိုင်ငံများက ဗုဒ္ဓဟူးနေ့က ပြန်လည်နှင်ထုတ်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပြောကြားသည်။

လွန်ခဲ့သည့် နှစ်များအတွင်း အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် တိုးတက်မှုလက္ခဏာပြလာသည်ဟု ဆိုနိုင်သော်လည်း ၂၀၀၃ ခုနှစ် အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးသည့်နောက်ပိုင်း နိုင်ငံကို စွန့်ခွာထွက်ပြေးခဲ့သော အီရတ်နိုင်ငံသားများကို အတင်းအကျပ်ပြန်လွှတ်ခြင်းမပြုရန် အဆိုပါ ကုလအေဂျင်စီက ဥရောပနိုင်ငံများ၏ အစိုးရအဖွဲ့များကို တိုက်တွန်းခဲ့သည်။ လက်ရှိကာလတွင် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်နှင့် ပတ်ဝန်းကျင်ဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

ဥရောပတိုက်မှ နှင်ထုတ်ခံရသော အီရတ်နိုင်ငံသားများ ပထမအသုတ်လိုက်ပါလာသည့် လေယာဉ်သည် ဘဂ္ဂဒက်လေဆိပ်သို့ ယနေ့နံနက်ပိုင်းတွင် ဆိုက်ရောက်သည်။ ယင်းအသုတ်တွင် ဆွီဒင်မှ ၂၇ ဦး၊ နော်ဝေမှ ကိုးဦး၊ နယ်သာလန်မှ လေးဦးနှင့် ဗြိတိန်နိုင်ငံမှ အရေအတွက် အတိအကျမသိရသော နှင်ထုတ်ခံ အီရတ်နိုင်ငံသားများ ပါဝင်သည်။

အေပီ။

၂၀၁၁ ခုနှစ်နောက်ပိုင်း ဘက်ဂ်ရမ်အကျဉ်းထောင်ကို အမေရိကန် ဆက်လက်ထိန်းချုပ်ရဖွယ်ရှိ

ကဘူး စက်တင်ဘာ ၂၂

လာမည့်နှစ်တွင် အာဖဂန်ပြည်တွင်းရေးအဝဝကို အာဖဂန်နစ္စတန် အစိုးရလက်ဝယ်သို့ လွှဲပြောင်းပေးမည်ဖြစ်သော်လည်း ဘက်ဂ်ရမ်လေဆိပ်အကျဉ်းထောင်ကို အမေရိကန်နိုင်ငံက ဆက်လက်တာဝန်ယူ ကိုင်တွယ်ရဖွယ်ရှိကြောင်း စက်တင်ဘာ ၂၂ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းသို့ ဆောင်ရွက်ရခြင်းသည် မဟာမိတ်တပ်ဖွဲ့များကို အန္တရာယ်ပေးနိုင်သော အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်မှုကို ကာကွယ်ရန်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ အမေရိကန်အကျဉ်းထောင်များဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပါဗင်ပြည်နယ် ဘက်ဂ်ရမ်ရှေးဟောင်းမြို့တော်၌ တည်ရှိသော ဘက်ဂ်ရမ်အကျဉ်းထောင်သည် အာဖဂန်မြေပေါ်ရှိ အမေရိကန်နိုင်ငံ၏ တစ်ခုတည်းသော အဓိကအကျဉ်းထောင်ဖြစ်ပြီး ဒေသတွင်း အကြမ်းဖက်ဝါဒ တိုက်ဖျက်မှုဆိုင်ရာ ကြိုးပမ်းမှုများတွင် အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်နေသည်ဟုဆိုသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားလက်ထက်တွင် ဂွမ်တာနာမို ပင်လယ်အော် အကျဉ်းစခန်းကို ပိတ်သိမ်းရန် လုပ်ဆောင်ခဲ့ပြီးနောက် အကြမ်းဖက်ဝါဒ အမြစ်တွယ်ရာ နိုင်ငံများမှ ဖမ်းဆီးမိသော အကြမ်းဖက်သမားစာရင်းဝင်သူများကို ထိန်းသိမ်းနိုင်မည့် အကျဉ်းထောင်မျိုးမရှိသေး။

ဘက်ဂ်ရမ်အကျဉ်းထောင်သည် အမေရိကန်အစိုးရ၏ မဟာဗျူဟာအရ ကဘူးအစိုးရလက်တွင်းသို့ အာဖဂန်ပြည်တွင်းရေးအဝဝကို လွှဲပြောင်းရာတွင် ပထမဆုံး လွှဲပြောင်းပေးမည့် လုံခြုံရေးဆိုင်ရာဌာနများအနက် ပထမအသုတ်တွင် ပါဝင်သည်။

အင်တာနက်။

အီရတ်အယ်လ်ခိုင်ဒါတို့၏ ရင်သွေးများ နိုင်ငံသားအခွင့်အရေးအပြည့်အဝမရ

ဘာကူးဘား စက်တင်ဘာ ၂၂

မွေးစာရင်းမှတ်တမ်းမှတ်ရာများ မရှိခြင်းကြောင့် အစိုးရအလုပ်ခွင် တာဝန်ထမ်းဆောင်ခွင့်နှင့် ပညာသင်ကြားခွင့်မရှိသော အီရတ်ကလေးထောင်ပေါင်းများစွာ ရှိနေနိုင်ကြောင်း ဥပဒေရေးရာကျွမ်းကျင်သူများ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဝါရှင်တန်ပို့စ် သတင်းစာ၏အဆိုအရ အီရတ်နိုင်ငံတွင်းသို့ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ခဲ့သည့်နောက်ပိုင်း အယ်လ်ခိုင်ဒါများက ယင်းနိုင်ငံခြားတပ်ဖွဲ့များကို ပုန်ကန်ခြားနားစဉ် ကာလအတွင်း မွေးဖွားခဲ့သော အီရတ်ကလေးများသည် နိုင်ငံသားအသိအမှတ်ပြုကတ်၊ ပြည်ဝင်ခွင့်ဗီဇာနှင့် မွေးစာရင်းကဲ့သို့သော လိုအပ်သည့်နိုင်ငံသားအခွင့်အရေးများ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ယင်းသို့ လူရာသွင်းမခံရသည့် အီရတ်ကလေးငယ်အများစုမှာ စစ်သွေးကြွများနှင့် ဒေသခံအမျိုးသမီးများကို အဓမ္မပေါင်းဖက်စေခြင်းဖြင့် မွေးဖွားခဲ့သူများဖြစ်ကြောင်း၊ အဆိုပါကလေးများ၏ ဘဝရှေ့ရေးကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသော ပရဟိတအဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းအဖွဲ့၏ ခန့်မှန်းချက်အရ ဒီယာလာပြည်နယ်တစ်ခုတည်းတွင် မွေးဖွားလာသော ကလေးများကို မွေးစာရင်းမလုပ်ရသည့် အိမ်ထောင်စုပေါင်း ၁၂၅ ခု ရှိသည်ဟု သိရသည်။ အမျိုးသမီးအများစုမှာလည်း ၎င်းတို့၏ မရှိတော့ပြီဖြစ်သည့် ခင်ပွန်းသည်များ၏ ဇာစ်မြစ်အမှန်ကို သိရှိကြခြင်းမရှိသည့်အပြင် ၎င်းတို့၏ရင်သွေးများအတွက် နိုင်ငံသားအခွင့်အရေးရရှိရန်အရေးဆိုပါက တုံ့ပြန်အပြစ်ပေးခံရမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

စစ်သွေးကြွများ၏ သားသမီးတို့ကို ကူညီပါက အီရတ်အယ်လ်ခိုင်ဒါများကို အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်မည်ဖြစ်ကြောင်း အီရတ်အစိုးရ တာဝန်ရှိသူတစ်ဦးက ဝါရှင်တန်ပို့စ်သတင်းစာကို ထုတ်ဖော်ပြောကြားသည်။ **ယူပီအိုင်။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၂၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၃၅၉၅ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၃၂၆၆ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၃၅၉၅ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၃၂၆၆ ဦး

အင်တာနက်။

တာလီဘန်နှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများကို နှိမ်နင်းရန် အာဖဂန်လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ကို စီအိုင်အေကွပ်ကဲခဲ့

ကဘူး စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ တာလီဘန်နှင့် အယ်လ်ခိုင်ဒါ ပစ်မှတ်များကို ရှာဖွေနှိမ်နင်းနေသော အာဖဂန်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကို အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)က စီမံကွပ်ကဲလျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

စီအိုင်အေ၏ စစ်ဆင်ရေးများနှင့် နီးစပ်သော လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦး၏ အဆိုအရ စီအိုင်အေက စစ်ဆေးမေးမြန်းရန်အတွက် ပစ်မှတ်သားကောင်များကို ရှာဖွေဖမ်းဆီးပေးရသော အင်အား ၃၀၀၀ရှိသည့် အာဖဂန်လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ကို ၂၀၀၂ ခုနှစ်ကပင် တည်ထောင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယင်းလက်နက်ကိုင်အဖွဲ့အစည်းနှင့် ပတ်သက်၍ အမေရိကန်သတင်းထောက်စာရေးဆရာ ဘော့ဝုဒ်ဝဒ့်ရေးသားခဲ့သော “အိုဘားမား၏ စစ်ပွဲ ”အမည်ရှိ စာအုပ်ထဲတွင် ပထမဆုံးဖော်ပြခဲ့သည်။ယင်းစာအုပ်၏ဖော်ပြချက်အရ အကြမ်းဖက်သမားတိုက်ဖျက်ရေး ဘေးရံတပ်ဖွဲ့ဟု အမည်ရှိ အဆိုပါ အာဖဂန်လက်နက်ကိုင်တပ်ဖွဲ့သည် ကန်ဒါဟာ၊ ပါ့ခ်တီယာနှင့် ပါ့ခ်တီကာပြည်နယ်များအပါအဝင် အကြမ်းဖက်မှုများဖြစ်ပွားလေ့ရှိရာ ပြည်နယ်များတွင် စစ်ဆင်ရေးများပြုလုပ်ခဲ့သည်ဟု သိရသည်။

ယင်းအပြင် အဆိုပါ လက်နက်ကိုင်တပ်ဖွဲ့သည် ပါကစ္စတန်နိုင်ငံအတွင်းရှိ အယ်လ်ခိုင်ဒါနှင့် တာလီဘန်တို့ကို ဖော်ထုတ်ချေမှုန်းရန် ယင်းနိုင်ငံတွင်းသို့ ဝင်ရောက်၍ လျှို့ဝှက်စစ်ဆင်ရေးများပြုလုပ်ခဲ့ကြောင်း ဘော့ဝုဒ်ဝဒ့်၏ စာအုပ်တွင် ဖော်ပြထားသည်။

အေပီ။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး စက်တင်ဘာ ၂၂

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး စက်တင်ဘာ ၂၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၂၁၃ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၈၈၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၂၁၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၈၈၈ ဦး

အင်တာနက်။

၂၀၀၃ ခုနှစ်တွင် ကုလအဆောက်အအုံ ဗုံးခွဲမှု၌ ပါဝင်သော အီရတ်နိုင်ငံသားနှစ်ဦးကို ပြစ်ဒဏ်ချ

၂၀၀၃ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဖြစ်ပွားခဲ့သော ဘဂ္ဂဒက်မြို့ရှိ ကုလဌာနချုပ် အဆောက်အအုံ ဗုံးခွဲတိုက်ခိုက်ခံရမှု မြင်ကွင်း။

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

၂၀၀၃ ခုနှစ်တွင် ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်ကို ဗုံးခွဲမှု ကျူးလွန်ခဲ့ပြီးနောက်တစ်နှစ်တွင် ပြင်သစ်သတင်းစာဆရာနှစ်ဦးကို ပြန်ပေးဆွဲမှုများ ကျူးလွန်ခဲ့ရာတွင် ပါဝင်ပတ်သက်သော အီရတ်နိုင်ငံသားနှစ်ဦးကို အီရတ်တရားရုံးတစ်ရုံးက ထောင်ဒဏ်တစ်သက် အပြစ်ပေးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အီရတ်နိုင်ငံသားနှစ်ဦးက ၎င်းတို့သည် ဆွန်နီစစ်သွေးကြွအုပ်စုဝင်များဖြစ်ပြီး ၂၀၀၃ခုနှစ် ဩဂုတ်လက ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ် အဆောက်အအုံကို ဗုံးခွဲရာတွင် ပါဝင်ပတ်သက်ကြောင်း ဖြောင့်ချက်ပေးခဲ့သည်ဟု တရားရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သည့်အပြင် ၎င်းတို့နှစ်ဦးကို အီရတ်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးတစ်ဦး၏ အကြံပေးတစ်ဦးကို လုပ်ကြံရာတွင် ပါဝင်ပတ်သက်မှုနှင့်လည်း တရားစွဲဆိုထားကြောင်း တရားရုံး၏ ထုတ်ပြန်ချက်တွင် ပါဝင်သော်လည်း အသေးစိတ်ကို ဖော်ပြခြင်းမပြုပေ။

၂၀၀၃ ခုနှစ် ကုလသမဂ္ဂ အဆောက်အအုံဗုံးခွဲတိုက်ခိုက်ခံခဲ့ရမှုကြောင့် အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အပါအဝင် ကုလဝန်ထမ်း ၂၂ဦး သေဆုံးခဲ့ရပြီး အီရတ်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ၏ အစဖြစ်သည့် ယင်းတိုက်ခိုက်မှုအတွက် အယ်လ်ခိုင်ဒါနှင့် စစ်သွေးကြွအုပ်စုများကို အပြစ်တင်ခဲ့ကြသည်။

ချုံခိုတိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲ မှုများ အဖြစ်များသောကြောင့် မရဏတြိဂံဟု နာမည်ကျော်သည့် ဘဂ္ဂဒက်မြို့တောင်ဘက်၌ ၂၀၀၄ ခုနှစ် ဩဂုတ်လအတွင်းက ပြင်သစ်သတင်းစာဆရာနှစ်ဦး ပြန်ပေးဆွဲခံခဲ့ရသည်။ **အေအက်ဖ်ပီ။**



အာကာသဝေဟင်ခရီးနှင့်ပြည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ခြေလှမ်းသစ်များ

သာမန်လေယာဉ်ကွင်းတစ်ကွင်းရဲ့ လေယာဉ်ပြေးလမ်းပေါ်ကနေ ပျံတက်ပြီး ခရီးသည်တွေကို အာကာသထဲက ကမ္ဘာပတ်လမ်းကြောင်းထဲအထိ ပို့ဆောင်ပေးနိုင်မယ့် အာကာသလေယာဉ်တစ်မျိုးဟာ လာမယ့် ၁၀ နှစ်အတွင်းမှာ အမှန်တကယ်ပေါ်ပေါက်လာတော့မှာဖြစ်တယ်လို့ ဗြိတိသျှသိပ္ပံပညာရှင်များက ထုတ်ဖော် ပြောကြားလိုက်ကြပါတယ်။

ပေ ၂၇၀ အရှည်ရှိပြီး စကိုင်းလွန်လို့ အမည်ပေးထားတဲ့ အဲဒီလေယာဉ်ကို စတာလင်ပေါင် သန်း ၇၀၀ အကုန်အကျခံတည်ဆောက်သွားမှာဖြစ်ပြီးတော့ ခရီးသည် ၂၄ ယောက်ကို တင်ဆောင်ပျံသန်းနိုင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဗြိတိသျှ အင်ဂျင်နီယာအုပ်စုတစ်စုဖြစ်တဲ့ "ရီအက်ရှင်အင်ဂျင်စ်"အဖွဲ့က တည်ဆောက်မယ့် အဲဒီလေယာဉ်မှာ သမားရိုးကျ external engines တွေပါရှိမှာ မဟုတ်ဘူးလို့လည်း ဆိုပါတယ်။ စကိုင်းလွန်လေယာဉ်မှာ ကမ္ဘာ့လေထုထဲက အောက်ဆီဂျင်နဲ့ ဟိုက်ဒြိုဂျင်ကိုစုပ်ယူပြီး လောင်စာအဖြစ် အသုံးချမယ့် internal engines နှစ်လုံးတပ်ဆင်ထားပြီး အသံထက်ငါးဆပိုမြန်တဲ့နှုန်းနဲ့ ကမ္ဘာမြေပြင်အထက် ၁၈ မိုင်(ကမ္ဘာ့လေထုလွှာ အပြင်ဘက်)အထိ မောင်းနှင်ပျံတက်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

ယူနိုက်တက်ကင်းဒမ်း အာကာသအေဂျင်စီဟာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး စီးပွားဖြစ် အကောင်အထည်ဖော်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မကြာမီရက်ပိုင်းအတွင်းမှာပဲ နှစ်ရက်ကြာ ကျင်းပဖို့ စီစဉ်နေပါပြီ။

စကိုင်းလွန်ရဲ့ ပျံသန်းမှုခရီးစဉ်တစ်ခုအတွက် ကုန်ကျစရိတ်ဟာ ပေါင်စတာလင် ၆ ဒသမ ၃သန်း ဖြစ်တဲ့အတွက် ဒုံးပျံတစ်စင်းကို အာကာသထဲအရောက်ပစ်လွှတ်ဖို့ ကုန်ကျစရိတ် စတာလင်ပေါင် ၉၇ သန်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အဆပေါင်းများစွာ လျော့နည်းသက်သာနေတယ်လို့ နည်းစနစ်ဒါရိုက်တာလည်းဖြစ်၊ ရီအက်ရှင်အင်ဂျင်စ်အုပ်စုကို တည်ထောင်ခဲ့သူတစ်ဦးလည်းဖြစ်တဲ့ ရစ်ချတ်ဗားဗီးလ်က ဆိုပါတယ်။

စကိုင်းလွန် အာကာသလေယာဉ်ကို တီထွင်တဲ့ ရီအက်ရှင်အင်ဂျင်စ်အုပ်စုကတော့ ကမ္ဘာအနှံ့မှာ သူတို့ရဲ့ စကိုင်းလွန်လေယာဉ်စင်းရေ ၇၀ ကျော်လောက် ရောင်းချနိုင်မယ့် ဈေးကွက်တစ်ခုရှိနေတယ်လို့ ယုံကြည်နေကြပါတယ်။

အသံထက် ငါးဆမြန်သောနှုန်းဖြင့် ကမ္ဘာမြေပြင်အထက် ၁၈ မိုင် အမြင့်ထိ ပျံတက်နိုင်မည့် စကိုင်းလွန်အာကာသလေယာဉ်။

အဲဒီသတင်းနဲ့ တစ်ဆက်တည်းမှာပဲ ဘိုးအင်းလေယာဉ်ကုမ္ပဏီကြီးကလည်း ကမ္ဘာပတ်လမ်းကြောင်းအနိမ့် (Low-Earth orbit)ဆီကို ခရီးသည်တွေတင်ဆောင်ပျံသန်းနိုင်မယ့် လေယာဉ်တစ်စင်းထုတ်လုပ်ဖို့စီစဉ်နေတဲ့အကြောင်း ကြေညာလိုက်ပါတယ်။

ခရီးသည်ခုနစ်ဦး တင်ဆောင်ပျံသန်းနိုင်မယ့် ဘိုးအင်းရဲ့ CST-100လို့ အမည်ပေးထားတဲ့ လေယာဉ်ကို နာဆာအဖွဲ့ကြီးအတွက် တည်ဆောက်နေတာဖြစ်ပြီး လာမယ့် ၂၀၁၅ ခုနှစ်မှာ အကောင်အထည်ပေါ်လာမှာ ဖြစ်တယ်လို့ဆိုပါတယ်။ ဘိုးအင်းကလည်းပဲ သူ့ရဲ့ CST-100 ကို ကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကတွေက ဝယ်ယူဖို့ အလားအလာရှိတယ်လို့ ယုံကြည်နေပါတယ်။

နိုင်ငံတကာ အာကာသစခန်းယာဉ်လို့ခေါ်ဆိုကြတဲ့ (ISS: International Space Station)ကြီးဆီကို အာကာသယာဉ်မှူးတွေနဲ့ ထောက်ပို့ပစ္စည်းတွေပို့ဆောင်ပေးနေတဲ့ အမေရိကန်ရဲ့ အာကာသလွန်းပြန်ယာဉ် အစီအစဉ်ဟာလည်း လာမယ့်နှစ်မှာ အဆုံးသတ်တော့မှာဖြစ်တဲ့အတွက် အခြားယာဉ်တစ်ခုခုနဲ့ အစားထိုးဖို့ လိုအပ်နေပါပြီ။

နိုင်ငံတကာ အာကာသစခန်းယာဉ် (ISS)ဆိုတာကလည်း နိုင်ငံပေါင်း ၁၆ နိုင်ငံ ပူးပေါင်းပြီး ဒေါ်လာ ဘီလီယံ ၁၀၀ အကုန်အကျခံကာ ကမ္ဘာမြေပြင်အထက် မိုင်ပေါင်း ၂၂၀ အကွာ အာကာသထဲမှာ ၁၉၉၈ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့တဲ့ အာကာသစခန်းကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် မကြာမီ နှစ်အနည်းငယ်အတွင်းမှာပဲ လေယာဉ်ကွင်းတွေကနေ ပျံတက်သွားတဲ့ အာကာသလေယာဉ်တွေကို တွေ့မြင်လာရဖွယ် ရှိနေပြီလို့ သတင်းများက ဆိုထားပါတယ်။

နောက်ထပ် တင်ပြလိုတဲ့ အာကာသသိပ္ပံဆိုင်ရာ သတင်းတစ်ပုဒ်ကတော့ နာဆာလို့ သိကြတဲ့ အမေရိကန် ပြည်ထောင်စုက အမျိုးသားလေကြောင်းနဲ့ အာကာသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကြီးဟာ သူ့ရဲ့ နောက်ဆုံးပေါ်နည်းပညာများနဲ့ တည်ဆောက်

သာမန်လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းမှ ပျံတက်နိုင်မည့် စကိုင်းလွန်အာကာသလေယာဉ်သရုပ်ဖော်ပုံ။

ထားတဲ့ ယာဉ်တွေကို လနဲ့အင်္ဂါဂြိုဟ်မျက်နှာပြင်တွေနဲ့ ဆင်တူတဲ့ အာရီဇိုးနားသဲကန္တာရထဲမှာ စမ်းသပ်မောင်းနှင်လျက်ရှိတယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်။

ပစ်ကပ်ထရပ်ကား တစ်စီးအရွယ်ပမာဏရှိတဲ့ အာကာသ စူးစမ်းလေ့လာရေး ရှေ့ပြေးနမူနာယာဉ်တစ်စင်းကတော့ ယာဉ်အဖွဲ့သားတွေ ထိန်းချုပ်မောင်းနှင်ခန်းထဲမှာ ၁၄ ရက်လောက်ကြာအောင် နေထိုင်နိုင်အောင် တည်ဆောက်ထားတယ်လို့ သိရပါတယ်။

ယာဉ်ရဲ့ အောက်ခြေနားမှာ တပ်ဆင်ထားတဲ့ ဆပ်ပြာပူဖောင်းပုံစံ ပြတင်းကနေပြီး ၁၈၀ ဒီဂရီအထိ လှည့်ပတ်ကြည့်နိုင်တာကြောင့် အာကာသယာဉ်မှူးတွေ ယာဉ်အပြင်ကို ထွက်ဖို့မလိုဘူးလို့ ဆိုပါတယ်။ အဲဒီယာဉ်ဟာ အခြေစိုက်စခန်းကနေ မိုင် ၁၅၀ ကျော်မောင်းနှင်သွားနိုင်တဲ့အပြင် ဘီးတွေကို ရုပ်သိမ်းပြီး ဂျက်အင်ဂျင်နဲ့ ပျံသန်းသွားနိုင်အောင်လည်း စီမံထားပါတယ်။

နောက်ယာဉ်တစ်မျိုးကတော့ လပေါ်မှာ ကုန်ပစ္စည်းတွေချဖို့၊ သယ်ပို့ဖို့၊ ကိုင်တွယ်ဖို့ ပုံစံပြုတည်ဆောက်ထားတဲ့ ခြေခြောက်ချောင်းတပ်ယာဉ်ဖြစ်ပြီး မည်သို့သော အခြေအနေမျိုးမှာပဲမဆို သူထမ်းဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကို လုပ်ဆောင်နိုင်မှာဖြစ်တယ်လို့ ဆိုပါကြောင်း အာကာသသိပ္ပံနဲ့နည်းပညာဆိုင်ရာ သတင်းအချို့ကို ရွေးချယ်ကောက်နုတ် တင်ပြအပ်ပါတယ်။

နောက်ဆုံးပေါ် နည်းပညာများဖြင့် တည်ဆောက်ထားသည့် လမျက်နှာပြင်ပေါ်သွားယာဉ်ကို အာရီဇိုးနားကန္တာရအတွင်း စမ်းသပ်မောင်းနှင်နေစဉ်။

၁၈၀ ဒီဂရီအထိ ကြည့်နိုင်မည့် ဆပ်ပြာပူဖောင်းပုံစံပြတင်းကို ဤသို့ တပ်ဆင်ထားသည်။

ခြေခြောက်ချောင်းပါ ပင့်ကူသတ္တဝါပုံစံယာဉ်ဖြင့် ဂြိုဟ်မျက်နှာပြင်ပေါ်၌ ကုန်တင်ကုန်ချ သယ်ဆောင်နိုင်မည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ငြိမ်းချမ်းရေးဆွေးနွေးမှု ဆက်လက်ပြုလုပ်ရန် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်လိုလား

ဂျေရုဆလင် စက်တင်ဘာ ၂၂

အနောက်ဘက်ကမ်းဒေသ၌ ရဟူဒီအခြေစိုက်နေထိုင်ရာ ရပ်ကွက်များတည်ဆောက်ရေးလုပ်ငန်းကို အစ္စရေးနိုင်ငံက ပြန်လည်ပြုလုပ်သည့်တိုင်အောင် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို မိမိ ဆက်လက်ပြုလုပ်လိုကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ယနေ့ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့ အဓိကအငြင်းပွားရသည့် ပြဿနာမှာ ရဟူဒီအခြေစိုက် နေထိုင်ရာရပ်ကွက်များ တိုးချဲ့တည်ဆောက်မှုဖြစ်သည်။

မိမိသည် စေ့စပ်ဆွေးနွေးပွဲကို ကျောခိုင်းသွားလိုခြင်းမရှိကြောင်း၊ သို့ရာတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် အနောက်ဘက်ကမ်းဒေသ၌ ရဟူဒီအခြေစိုက်နေထိုင်ရာ ရပ်ကွက်များကို ဆက်လက်တည်ဆောက်ရန် ညွှန်ကြားမည်ဆိုပါက အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် သဘောတူညီမှုရရှိရန် ခက်ခဲမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတက ပြောကြားသည်။

မာမွတ်အဘတ်စ်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးတက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ရောက်ရှိနေသည်။ **အမ်အင်အေ၊ ရိုက်တာ။**

အရှေ့အာဖရိကမှသည် ယူဂန္ဓာအထိ အယ်လ်ခိုင်ဒါအဖွဲ့ တိုးချဲ့လှုပ်ရှားလာဖွယ်ရှိ

ကမ်ပါလာ စက်တင်ဘာ ၂၂

အယ်လ်ခိုင်ဒါအဖွဲ့သည် အရှေ့အာဖရိကဒေသမှသည် ယူဂန္ဓာနိုင်ငံအထိ တိုးချဲ့လှုပ်ရှားလာဖွယ်ရှိသည်ဟု ဥရောပ လုံခြုံရေး ကျွမ်းကျင်သူများက စိုးရိမ်ပူပန်လျက်ရှိကြကြောင်း ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော တယ်လီဂရပ်ဖ် သတင်းစာက ယနေ့ ရေးသား ဖော်ပြသည်။

ယူဂန္ဓာနိုင်ငံ မြို့တော်ကမ်ပါလာ၌ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကြည့်ရှုနေကြသူများကို အကြမ်းဖက် တိုက်ခိုက်မှု ပြုလုပ်ခဲ့သူများမှာ အရှေ့အာဖရိကတွင် လှုပ်ရှားနေသော အယ်လ်ခိုင်ဒါအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြကြောင်း၊ ယင်းမှာ ဆိုမာလီနိုင်ငံရှိ အယ်လ်ရှာဘတ်အုပ်စု၏ လက်ချက်မဟုတ်ကြောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့သည် ယူဂန္ဓာနိုင်ငံအထိ တိုးချဲ့လှုပ်ရှားလာနေသည်ဟု အနောက်တိုင်း လုံခြုံရေးတာဝန်ရှိသူများက ယူဆကြောင်း သတင်းစာတွင် ဖော်ပြသည်။

အရှေ့အာဖရိကဒေသ၌ အယ်လ်ခိုင်ဒါ စစ်သွေးကြွများက အယ်လ်ရှာဘတ်အုပ်စု အဖွဲ့ဝင်များကို လေ့ကျင့်ပေးနေကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက မကြာသေးမီက သတိပေးခဲ့ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဒေလီနေသဟာယအားကစားကွင်း၌ လူကူးတံတားပြိုကျ

နယူးဒေလီ စက်တင်ဘာ ၂၂

ဗြိတိသျှ နေသဟာယအားကစားပွဲတော် ကျင်းပမည့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အားကစားရုံ၏ အပြင်ဘက်ရှိ လူကူးတံတားတစ်ခု အင်္ဂါနေ့က ပြိုကျရာ ဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကြောင့် နေသဟာယအားကစားပွဲအတွက် အိန္ဒိယနိုင်ငံ၏ ပြင်ဆင်ထားမှုများမှာ မေးခွန်းထုတ်ဖွယ်ရာ ဖြစ်လာကြောင်းသိရသည်။

အင်္ဂါနေ့ညနေပိုင်းတွင် အားကစားပွဲများ ကျင်းပမည့် အဓိကအဆောက်အအုံဖြစ်သော ဂျာဝါဟာလာလ်နေရူး အားကစားရုံနှင့်ကပ်လျက် တံတားတစ်ခုသည် ယင်းကို အထောက်အကူပြုထားသော သံပေါင်ခုံးကြီး၏ တစ်ဖက်အောက်ခြေပြုတ်ထွက်သွားသဖြင့် သုံးပိုင်းကျိုးကျခဲ့သည်။

အဆိုပါဖြစ်ရပ်တွင် ၂၇ ဦး ဒဏ်ရာရရှိခဲ့ပြီး သုံးဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း ဒေလီရဲတပ်ဖွဲ့က ပြောကြားသည်။

တည်ဆောက်လျက်ရှိသော အားကစားကျေးရွာသည် နယူးဒေလီမြို့ အရှေ့ပိုင်းနယ်နိမိတ်ဖြစ်သော ယမုံနာမြစ်ကမ်းဘေး၌ တည်ရှိသည်။

အေပီ။

ကုလထောင်စုနှစ်ရည်မှန်းချက်များဆိုင်ရာ ထိပ်သီးညီလာခံပြီးဆုံး

နယူးယောက် စက်တင်ဘာ ၂၂

၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းဆင်းရဲမွဲတေမှုကို သိသိသာသာလျှော့ချနိုင်ရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များကို တွန်းအားပေးရန် ရည်ရွယ်ပြုလုပ်ခဲ့သော သုံးရက်ကြာ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များဆိုင်ရာ သုံးရက်ကြာ ထိပ်သီးညီလာခံသည် ယနေ့ပြီးဆုံးခဲ့ပြီဖြစ်သည်။

ယင်းညီလာခံကြီးသို့ တက်ရောက်လာသော နိုင်ငံများက ဘဏ္ဍာရေးအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကတိကဝတ်များပြုခဲ့ကြသော်လည်း ကုလသမဂ္ဂ၏ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရန်အတွက် ငွေကြေးနှင့် နိုင်ငံရေးဆိုင်ရာ အာမခံချက်များ လုံလောက်မှုရှိမည်ဟူသောအချက်မှာ ရေရာလှခြင်းမရှိပေ။

ကမ္ဘာ့နိုင်ငံအများစုမှာ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်ဆိုက်မှု၏ နောက်ဆက်တွဲရလဒ်များနှင့် စွမ်းအင်နှင့် စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လာမှုကြောင့် ဖိအားများကျရောက်ခံနေရသော်လည်း ၎င်းတို့အနေဖြင့် တစ်နေ့လျှင် ဝင်ငွေ ၁ ဒသမ ၂၅ ဒေါ်လာအောက်ဖြင့် ရပ်တည်ရှင်သန်နေရသော ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကို ဥပေက္ခာမပြုရန် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းခဲ့သည်။ **အေပီ။**

မိုးတိမ်တောင်များနှင့်အတူ

တင်ငွေ (မိုး/ဇလ)

မုတ်သုံရာသီလေသည် အားအသင့်အတင့်မှ အားကောင်းတိုက်ခတ်လျက်ရှိနေပါသည်။ ရက်ကာလအားဖြင့် ၆၂ရက်ရှိသော မိုးလယ်ကာလတွင် ကမ်းရိုးတန်းဒေသ၌ မိုးရေချိန်လက်မ ၅၀မှ ၉၀၊ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် လက်မ ၃၀မှ ၄၀နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် လက်မ ၂၀အောက်တို့ ရွာသွန်းလေ့ရှိပါသည်။ မုတ်သုံလေအား အမြင့်ဆုံးရောက်ရှိပြီး မိုးကြီးတတ်သောကာလဖြစ်နိုင်သကဲ့သို့ မုတ်သုံအား ပြတ်သောကာလလည်း ရှိတတ်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားလျော့သောကာလများ၌ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းတတ်ပြီး မိုးတိမ်တောင်ကြီးများဖြစ်ပေါ်လျက် မွန်းလွဲ၊ ညနေပိုင်းတွင် ပျံ့ကျမိုးများရွာသွန်းမှုနှင့်အတူ တစ်ခါတစ်ရံ လေပြင်းများပါ တိုက်ခတ်လာတတ်ပါသည်။

မိုးထစ်ချုန်းရွာပါက လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့် မိုးလေဝသအခြေအနေများဖြစ်ပေါ်စေသော မိုးတိမ်တောင်များ၏ စရိုက်လက္ခဏာကို သိရှိထားသင့်ပါသည်။ တိမ်များဖြစ်ပေါ်လာချိန်တွင် အရောင်အသွေး၊ အထူအပါးပုံစံများကိုလေ့လာလျက် မိုးလေဝသခန့်မှန်းသူများသည် မည်သည့်လေထုအမျိုးအစားဖြစ်သည်၊ မိုးလေကောင်းမည့်တိမ် ဟုတ်၊ မဟုတ် စိစစ်ခွဲခြားရပါသည်။ တစ်နည်းဆိုသော် တိမ်များသည် မိုးလေဝသ၏ရှေ့တော်ပြေး သံတော်ဆင့်များဟုဆိုနိုင်ပါသည်။

မိုးတိမ်တောင်တစ်ခုမှာ စတင်ဖြစ်ပေါ်ချိန်မှစ၍ အားပျော့သွားသည်အထိ အဆင့်သုံးဆင့်ခန့်ရှိပြီး အားကောင်းပြီဆိုရင်တော့ အရွယ်အားဖြင့် အမြင့် ပေသုံးသောင်းခန့်အထိရှိတတ်ကာ တိမ်အတွင်းရွေ့လျားမှု ခြောက်မျိုးရှိပါသည်။ တိမ်တိုက်အတွင်း အောက်မှအထက်သို့တက်သော လေစီးကြောင်းများ၊ အထက်မှအောက်သို့ရွေ့လျားသော လေစီးကြောင်းများ၊ တိမ်တိုက်၏ ရွေ့လျားမှု၊ တိမ်ထိပ်ဖျား၏ရွေ့လျားမှု၊ လေပြင်း၏အမြန်နှုန်းနှင့် ရွေ့လျားမှုတို့ ပါဝင်ပါသည်။ မိုးတိမ်တောင်တစ်ခုမှ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းသံကြားခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုးသည်းထန်စွာရွာတတ်ခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်တတ်ပါသည်။ မိုးတိမ်တောင်တစ်ခု အားကောင်းပြီဆိုလျှင် သိသာနိုင်သောအချက်မှာ တိမ်တိုက်အတွင်း ရေစက်၊ ရေပေါက်များ လေပြင်းများကြောင့် အချင်းချင်းပွတ်တိုက်မိကြရာမှ လျှပ်စစ်ဓာတ်များအဖြစ် စီးကူးကြလျက် ပြင်းထန်သော အပူချိန်ကွာခြားမှုမှ တစ်ဆင့် သိပ်သည်းဆ ကွာခြားမှုအပြောင်းအလဲများကာ အသံလှိုင်းများအဖြစ် မိုးခြိမ်းသံကိုကြားရခြင်းဖြစ်ပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများက ဒေသတစ်ခုမှာ မိုးရွာသည်ဖြစ်စေ၊ မိုးမရွာသည်ဖြစ်စေ မိုးခြိမ်းသံကြားရသော နေ့တစ်နေ့ကို မိုးကြိုးမုန်တိုင်းကျသောနေ့ဟု မှတ်သားကြပါသည်။

မြန်မာနိုင်ငံတွင် မိုးကြိုးမုန်တိုင်းကျသောနေ့ သို့မဟုတ် မိုးခြိမ်းသောနေ့ သို့မဟုတ် မိုးထစ်ချုန်းရွာသောနေ့အနေဖြင့် တစ်နှစ်ပတ်လုံး အများဆုံးဒေသမှာ တောင်ပိုင်းကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများဖြစ်ကြပြီး တစ်နှစ်ပတ်လုံးတွင် ပျမ်းမျှ ရက်ပေါင်း ၇၀မှ ၈၀ခန့်အထိရှိပါသည်။ လအလိုက် အများဆုံးဖြစ်ပေါ်သော မိုးထစ်ချုန်းရက်များမှာ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများတွင် မေလနှင့် စက်တင်ဘာလတွင်ဖြစ်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ဇွန်လနှင့် စက်တင်ဘာလများဖြစ်သည်ကို တွေ့ရပါသည်။ မိုးထစ်ချုန်းမှု အများဆုံးကာလသည် မုတ်သုံဝင်ရောက်မှုနှင့် ဆုတ်ခွာချိန်ကာလများနှင့်တစ်ထပ်တည်း ကျနေသည်ကို တွေ့နိုင်ပါသည်။ သုတေသနပြု လေ့လာချက်များအရ ရန်ကုန်မြို့တွင် ၁၉၇၁မှ ၂၀၀၀ပြည့်နှစ်အထိ နှစ် ၃၀ ကာလအတွင်း မိုးထစ်ချုန်းသည့်နေ့ပေါင်း ၁၅၅၈ရက်ရှိခဲ့ပြီး တစ်နှစ်ပတ်လုံးမိုးထစ်ချုန်းမှု အများဆုံးနှစ်ကို ၁၉၉၉ခုနှစ်တွင် ၇၉ရက်နှင့် မိုးထစ်ချုန်းမှုအနည်းဆုံးနှစ်အဖြစ် ၁၉၈၂ခုနှစ်တွင် ၂၆ရက် မှတ်တမ်းရှိခဲ့ပါသည်။ မှတ်တမ်းများအရ မိုးလယ်ကာလဖြစ်သည့် ဇူလိုင်၊ ဩဂုတ် မုတ်သုံလေအားကောင်းတတ်သောလများတွင် ထစ်ချုန်းမှုအခြေအနေ နည်းပါးပြီး မိုးရွာသွန်းတတ်သော်လည်း လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ မိုးလယ်ကာလများသည်လည်း မိုးထစ်ချုန်းသံများ မကြာခဏကြားနေခဲ့ရပါသည်။

ယခုရက်ပိုင်းအတွင်း မုတ်သုံမိုးသည် တစ်နိုင်ငံလုံး ပျံ့ပျံ့နှံ့နှံ့နှင့် ထစ်ချုန်းသံ စီစီညံလျက် ရွာသွန်းနေတာ တွေ့နေရပါသည်။ အလယ်ပိုင်းဒေသ တချို့တွင် ဇူလိုင်တစ်လလုံးသည် မုတ်သုံမိုးနှစ်ရက်၊ သုံးရက်ခန့်သာရွာခဲ့သော်လည်း ကမ်းရိုးတန်းတချို့ဒေသတွင် လေး၊ ငါးရက်ဆက်တိုက်မိုးကြီးခဲ့တာတွေ၊ လေပြင်းတိုက်ခတ်ခဲ့တာတွေရှိခဲ့ပါသည်။ ဒီလို လေပြင်းတိုက်ခတ်သောအခါ တစ်ခါတစ်ရံ ရခိုင်ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် မွန်၊ တနင်္သာရီ ကမ်းရိုးတန်းများတွင် လေဆင်နှာမောင်းဆိုပြီး အလွယ်တကူခေါ်ဆိုသုံးနှုန်းနေကြပြန်ပါသည်။ ထို့ကြောင့် လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းတို့၏ ထင်ရှားသော မတူညီမှုများကို ခွဲခြားသိရှိနိုင်ရန် ဖော်ပြလိုပါသည်။

လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်း

လေဆင်နှာမောင်းသည် အားကောင်းသော မိုးတိမ်တောင်အောက်ခြေအတွင်းမှ ကတော့ပုံတိမ်မှ ဆင်နှာမောင်းပုံစံ၊ ပြင်းထန်သော လေတိုက်နှုန်းဖြင့်တိုက်ခတ်သည့် လေဝဲအကြီးစားဖြစ်ပါသည်။ တစ်နာရီ မိုင် ၁၀၀ကျော်တိုက်လေ့ရှိပါသည်။ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် လေဆင်နှာမောင်းများသည် မိုးတိမ်တောင်ကြောင့် ဖြစ်ပေါ်သော မိုးလေဝသဖြစ်စဉ်များ ဖြစ်ပါသည်။

စိုက်ဆင်းလေပြင်းဆိုသည်မှာ အားကောင်းသောမိုးတိမ်တောင် ရွေ့လျားမှုမှ အဓိကဖြစ်ပေါ်ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ လေဖိအားရုတ်တရက် မြင့်တက်ခြင်းတို့ကို တွေ့ကြုံရပါသည်။ တစ်နာရီ မိုင် ၁၀၀ကျော် တိုက်လေ့ရှိပါသည်။

လေဆင်နှာမောင်းတိုက်ခတ်သောအခါ အရပ်မျက်နှာအဘက်ဘက်မှ တိုက်ခတ်ပြီး ကျရောက်သည့် ဒေသအနည်းငယ်အတွင်း လေတိုက်နှုန်းပြင်းထန်စွာ တိုက်ခတ်လေ့ရှိပါသည်။ လေထုဖိအား အလွန်ကျဆင်းပြီး ဖိအားကွာခြားမှုများသဖြင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများပါသည်။ လေများမှာ လက်ဝဲရစ်တိုက်ခတ်သည့်အပြင် အထက်သို့ရစ်ပတ်တိုက်ခတ်ခြင်းကြောင့် ဖုန်များ၊ အကျိုးအပဲ့ အစအနများ၊ သစ်ကိုင်း၊ သစ်ခက်များ မျောပါနေပြီး တစ်ခါတစ်ရံ လေးလံသော အဆောက်အအုံ၊ အပိုင်းအစများနှင့် ကြီးမားသော အရာဝတ္ထုများပါ လွင့်ပါသွားတတ်ပါသည်။ လေဆင်နှာမောင်းရွေ့လျားမှု လမ်းကြောင်းမှာ စတင်ဖြစ်ပေါ်ပြီးနောက် လက်ဝဲဘက်သို့ ကွေ့ခြင်း၊ လက်ယာဘက်ကို ကွေ့ခြင်း၊ အဖြောင့်ရွေ့လျားခြင်း၊ နောက်ပြန်ကွေ့ဝိုက် ရွေ့လျားခြင်းတို့ ဖြစ်တတ်ပါသည်။ အပျက်အစီးများမှာ အရပ်မျက်နှာ ပုံစံမမှန်ဘဲ အဘက်ဘက်သို့သာ လဲပြိုနေတတ်ပါသည်။

စိုက်ဆင်းလေပြင်း၏ ရွေ့လျားမှုလမ်းကြောင်းမှာ စတင်ဖြစ်ပေါ်စဉ် ကျဉ်းရာမှ အားလျော့သည့် နေရာအရောက်တွင် ပြန့်ကားသွားတတ်ပါသည်။ ဥပမာအားဖြင့် ယပ်တောင်ပုံစံဖြစ်ပါသည်။ စိုက်ဆင်းလေပြင်း ကျရောက်မှုဖြစ်စဉ်မှာ အချိန်တိုတောင်းပါသည်။ အပျက်အစီးများမှာ လယ်ထွန်ရာတွင် ထယ်သွားထိုးသကဲ့သို့ အရပ်မျက်နှာ တစ်ဖက်တည်းသို့သာ လဲပြိုနေတတ်ပါသည်။

သို့ဖြစ်ရာ အပျက်အစီးပုံစံများအပေါ် မူတည်ပြီး မိမိတို့ဒေသမှာဖြစ်ပေါ်တဲ့ လေပြင်းတိုက်ခတ်မှုသည် လေဆင်နှာမောင်း သို့မဟုတ် စိုက်ဆင်းလေပြင်း မည်သည့်အမျိုးအစားဖြစ်သည်ကို မှန်ကန်စွာ ခွဲခြားသိရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှာ လေဆင်နှာမောင်းထက် စိုက်ဆင်းလေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို ရေကြောင်းခရီးသွားလာမှုနှင့် လေကြောင်းပျံသန်းမှုတို့တွင် ပိုမိုကြုံတွေ့ရတတ်ပါသည်။ ပြည်သူများအနေဖြင့် လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းများ ဖြစ်ပေါ်တိုက်ခတ်စေသည့် မိုးတိမ်တောင်ကြီးများ မိမိတို့ဒေသကောင်းကင်ယံတွင် ဖြစ်ပေါ်သည့် အချိန်များ၌ အထူးဂရုပြုကြရမည်ဖြစ်ပါသည်။ လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းကြောင့် ထိခိုက်ပျက်စီးမှုလျော့နည်းစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သလို၊ ရေကြောင်း လေကြောင်း ခရီးသွားလာသူများ၊ ရေယာဉ်လေယာဉ် မောင်းနှင်သူများအနေဖြင့်လည်း သတိပြုကြရန် လိုအပ်ပါသည်။ ဘေးအန္တရာယ် ကင်းရှင်းစေရန် သွားသတိ၊ လာသတိ အမြဲရှိကြဖို့ အသိပေး တင်ပြလိုက်ရပါသည်။ ။

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အထက(၃) သီရိရတနာခန်းမ၌ ကျင်းပရာ ဟောပြောပွဲတွင် ဆရာ ဦးခင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်တရားသူကြီး ဦးတင်မောင်ဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလှဦးနှင့် ရန်ကုန်(အရှေ့) မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းတို့က မူးယစ်ဆေးဝါး အဆင့်ဆင့်ဖြစ်ပေါ်လာပုံနှင့် အန္တရာယ်ဆိုးကျိုးများကို ရုပ်ပုံကားချပ်များဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ကျော်စွာက မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးကိုလည်းကောင်း အသိပညာပေး ဟောပြောကြောင်း သိရှိရသည်။**(အပေါ်ပုံ)**(ကြေးမုံ)

ငွေချည်(၆) ဝါစိုက်ခင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထားရှိပြီး အောင်မြင်စွာ ထွက်ရှိနိုင်ရေး နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့် ပိုးချည်လုပ်ငန်းဌာနမှ အထွေထွေမန်နေဂျာ ဦးတင်ထွန်း ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အဖွဲ့သည် သစ်ချိုပင်ကျေးရွာအုပ်စု၌ စိုက်ပျိုးအောင်မြင်လျက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ အကျိုးတူ စိုက်ဧက ၆၀၀ ကို ကွင်းဆင်းစစ်ဆေးကြပြီး ဝါစိုက်တောင်သူများအား တစ်ဧကပိဿာ၁၀၀၀ အထက် ထွက်ရှိရေးအတွက် နည်းပညာများကို လိုက်နာဆောင်ရွက်ကြရန်နှင့် ပံ့ပိုးပစ္စည်းများ အပြည့်အဝအသုံးချရန် ဆွေးနွေးမှာကြားခဲ့ပြီး သစ်ချိုပင်အုပ်စု ကံစုကျေးရွာ ဝါစိုက်တောင်သူ ဦးမျိုးချစ်၏ ငွေချည်(၆) ဝါစိုက်ခင်းကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်ပိုင်းဒေသများ ထစ်ချုန်းမည့် အခြေအနေဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လယ်ဝေးမြို့နယ်တွင် ၂ ဒသမ ၀၁ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၈၆ လက်မ၊ ပျဉ်းမနားမြို့နယ်တွင် သုည ဒသမ ၆၃ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ စဉ့်ကူးမြို့တွင် ၂ ဒသမ ၅၀ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၉၄ လက်မ၊ နွားထိုးကြီးမြို့တွင် ၁ ဒသမ ၆၇ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မတ္တရာမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၃၇ လက်မနှင့် ရေးမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၂၃ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တမူးမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဘောလုံးအသင်း ၁၆ သင်းမှ ဘောလုံးကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဖွင့်ပွဲ ပွဲစဉ်အဖြစ် မင်းသာရွာအုပ်စုအသင်းနှင့် ဈေးတန်းရပ်ကွက် (က) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဈေးတန်းရပ်ကွက်(က)အသင်းက ရှစ်ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ထူးချွန်ဆု ပေးပွဲတွင် မြို့နယ်အင်္ဂလိပ်စာထူးချွန်ဆုရ စတုတ္ထတန်းမှ မအင်ကြင်းခင်အား ကျောင်းအုပ်ဆရာကြီး ဦးစောဖရင့်အော့ဖ်ဝေး ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် နေပြည်တော်ရှိ ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းမိသားစုများ၏ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများ၊ အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် စားပင်သီးနှံများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး သူရဦးမြင့်မောင် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းမိသားစုများ၏ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများ၊ အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် စားပင်သီးနှံများ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ၊ ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်များ၊ နေသိဒ္ဓိရပ်ကွက်နှင့် ပညာသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်းအိမ်ရာများ၌ ဝန်ထမ်းမိသားစုများ၏ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်သာယာလှပရေးဆောင်ရွက်ထားရှိမှုများ၊ အရိပ်ရပင်များ၊ နှစ်ရှည်သီးနှံပင်များ၊ စားဖိုဆောင်သီးနှံရာသီပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

ရောဝတီလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် ရောဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖျာပုံခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း တက်ရောက်သည်။

အစည်းအဝေးတွင် တက်ရောက်လာကြသော စီမံကိန်းအင်ဂျင်နီယာများက လမ်းကွန်ရက် စီမံကိန်းဝင် လမ်း ၁၁ လမ်း၏ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်တို့က ဖြည့်စွက်ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ရောဝတီလမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို တောင်ငူဇုန်၊ ပဲခူးဇုန်၊ သာယာဝတီဇုန်နှင့် ပြည်ဇုန်တို့၌ ဆက်လက်ကျင်းပလျက်ရှိရာ ယမန်နေ့ညနေပိုင်းတွင် ပဲခူးဇုန်၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းကို ၁၁ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ သာယာဝတီဇုန်၌ ရောဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပြည်ဇုန်၌ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တတိယအကြိမ်မြောက် DECK RATING PRE-SEA TRAINING COURSE သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၀ ရက်က အမှတ် (၇) လေးဒေါင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ်ရှိ ECHO SHIPPING CO., LTD. သင်တန်းခန်းမ၌ ကျင်းပရာ အတွင်းရေးမှူး ဦးကျော်မြင့်ဦး သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်စဉ်။ (ကြေးမုံ)

(၂၂)ကြိမ်မြောက် မသန်စွမ်းသူများ အားကစားပြိုင်ပွဲ စီးပွား/ကူးသန်းဝန်ကြီးဌာန တံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၂

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့က ဦးစီး၍ စက်တင်ဘာ ၇ရက်မှ ၁၂ ရက်ထိ ကျင်းပခဲ့သော (၂၂) ကြိမ်မြောက် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် မသန်စွမ်းအဖွဲ့အစည်းများ ၁၃ဖွဲ့မှ မသန်စွမ်းအားကစားသမား ၃၀၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုတံဆိပ် ၄၉ ခု

ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘော်လီဘော(ထိုင်လျက်)၊ စစ်တုရင် (မျက်မမြင်)နှင့် ဂေါက်သီးရိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၁၅ ခုနှင့် ကြေးတံဆိပ် ခြောက်ခု စုစုပေါင်း ဆုတံဆိပ် ၄၉ ခုရရှိပြီး တံခွန်စိုက်ဆု ဆွတ်ခူးရရှိသည်။

ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဌေးနိုင်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ၂၀၁၁ ခုနှစ် ရုံးသုံးပြက္ခဒိန်ထွက်ပြီ

နေပြည်တော် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေသော ၂၀၁၁ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၁ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေးမြို့)၊သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုင်အိုဒင်းဆားပါဝင်မှု မိုးနဲ၌ စစ်ဆေး

မိုးနဲ စက်တင်ဘာ ၂၂

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းနောင် ဦးဆောင်၍ မြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချမှုကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့ဝင်များ စုပေါင်း၍ ဩဂုတ် ၈ ရက်က လိုက်လံစစ်ဆေးပြီး ဈေးအတွင်း မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် လုံခြုံရေးမီးခလုတ်များ တပ်ဆင်ထားရှိမှု အခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျောက်တန်းအထက(၂) ပညာရည်ချွန်ဆုချီးမြှင့်

ကျောက်တန်း စက်တင်ဘာ ၂၂

ကျောက်တန်းမြို့ အထက(၂) (သော်ကကျောင်း)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က အဆိုပါကျောင်း သော်ကရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးရဲအောင်တို့က အမှာစကားပြောကြားကြပြီး အလုပ်အမှုဆောင်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုပြီး အလုပ်အမှုဆောင်သစ်ရွေးချယ်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရသူများ အပါအဝင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ပြီး သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းလိုက်ဆုရသူများအား မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။**(ဝဲပုံ)** (၇၄)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ “Myanmar Livestock Services Ltd.”၏ ကူညီပံ့ပိုးမှုတို့ဖြင့် စက်တင်ဘာ ၂၅ ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးအေးကျော် (MHR) က “ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်စီမံခန့်ခွဲခြင်းနှင့် ဆုချီးမြှင့်ခြင်း” ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဆူးလေအမှတ်(၅) ဆိပ်ခံတံတား၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ ဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းတို့၌ ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်နေမှု ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ဆိပ်ခံတံတားရှိ ကုန်သေတ္တာစခန်း၌ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ သိုလှောင်ရုံအတွင်း၌ ပစ္စည်းများ စနစ်တကျထားသိုမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင်စစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော်တံတား၌ သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆူးလေအမှတ်(၅) ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ မော်တော်ယာဉ်ပေါ်သို့ တင်ချနေမှု၊ စဉ့်အိုးတန်း၊ ဘုန်းကြီးလမ်း၊ ကိုင်းတန်းလမ်း၊ မော်တင်၊ လမ်းသစ်နှင့် ဝါးတန်းလမ်း ဆိပ်ခံတံတားများ၌ ဆိုက်ကပ်လျက်ရှိသော ခရီးသည်တင်ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု၊ ကုန်များ တင်/ချဆောင်ရွက်နေမှု၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာများ စနစ်တကျ စီမံထားရှိမှု၊ ဆိပ်ခံတံတား၌ သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နေမှုနှင့် ရန်ကုန်မြစ်ရေလမ်းကြောင်း အခြေအနေ၊ ရေယာဉ်များ ခုတ်မောင်းပြေးဆွဲနေမှု၊ အေးရှားဝေါလ် ဆိပ်ခံတံတား ကုန်သိုလှောင်ရုံ၌ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများ စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင်စစ်ဆေးနေမှု၊ သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်/ချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန်ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး အစဉ်သတိပြုဆောင်ရွက်သွားကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီး သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မူဆယ်မြို့၌ လူကုန်ကူးသူအမျိုးသမီးနှစ်ဦးအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၂

မူဆယ်မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် မူဆယ်မြို့ ပန်ခမ်းလှေဆိပ်၌ လားရှိုးမှ မူဆယ်မြို့သို့ ထွက်ခွာလာသော ဗင်အငှားယာဉ်တစ်စီးအား စစ်ဆေးရာ တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်မည့် အမျိုးသမီးသုံးဦးအား တွေ့ရှိရကြောင်း သိရှိရသည်။

အမျိုးသမီး သုံးဦးအနက် နန်းအေးလူနှင့် မအေးရွှေတို့နှစ်ဦးမှာ ၎င်းတို့ သဘောအလျောက် တစ်ဖက်နိုင်ငံသို့ သွားရောက်ပြီး တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်မည်ဖြစ်ကြောင်း၊ ကျန်အမျိုးသမီးတစ်ဦးအား ၎င်းတို့နှစ်ဦးက တစ်ဖက်နိုင်ငံတွင် အလုပ်သွားလုပ်မည်ဟု လိမ်လည်စည်းရုံး၍ အမျိုးသားများထံ ရောင်းစားရန် ခေါ်ဆောင်လာခြင်းဖြစ်သည်ဟု ဖော်ထုတ်ရရှိခဲ့ကြောင်း၊ နန်းအေးလူနှင့် မအေးရွှေတို့အား မူဆယ်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၉-၂၀၁၀ (ကြာသပတေးနေ့)

[၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်) မကွေးတိုင်းဒေသကြီး၊စလင်းမြို့၊မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တကေတု (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဟောကြားတော်မူအပ်သော "ဂရုဓမ္မအခါတော်နေ့"တရားတော်
- ၈း၀၅ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၈း၁၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၂၅ ၆။ အကပဒေသာ
- ၈း၃၅ ၇။ International News
- ၈း၄၀ ၈။ Islands of Dhamma
- ၈း၄၅ ၉။ ဘဒ္ဒန္တသုဓမ္မာစာရ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မိုးကောင်းကျောင်းတိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၃၅ ၅။ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ သတ္တမအကြိမ်ပဌာန်းဒေသနာရွတ်ဆိုပူဇော်ပွဲ (ပထမဆု) (အထက-၁၊ ဒဂုံ)
- ၅း၀၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
- ၅း၂၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၅ ၈။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) "ဗုဒ္ဓပါဝစနာ"
- ၅း၃၅ ၉။ "လှည့်လည်ပူဇော်ပေါင်းတည် မြတ်စွယ်တော်"
- ၅း၄၅ ၁၀။ "သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်" (ရှန်ဂရီလာလည်နက်ကြိုးကြာငှက်များ) (အပိုင်း-၁)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ပျော်ရွှင်စေသော နေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၂၄) (သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ- အောင်ကျော်သူရ)**
- ၆း၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၃၆)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒရော၊ သရုပ်ဆောင်-စိုးရန်အောင်၊တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၂၃)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၈၀)**
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၃။ အစီအစဉ်ပြီး၏

၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် JAPAN CUP ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၁၀ခုနှစ် သတ္တမအကြိမ်မြောက် JAPAN CUP ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ (၅၅) ကီလိုတန်းတွင် ပထမဆုရ ကပ်ကျင်းပေါင် (သစ်တော)၊ ဒုတိယဆုရ ဇေယျာမင်းနိုင် (ရထား)နှင့် ပူးတွဲတတိယဆုရ ဇော်မျိုးအောင် (ကာကွယ်ရေး)နှင့် အောင်ထွန်းကျော်(ရထား) တို့အား တပ်မတော်ဂျူဒိုဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောရွှေက လည်းကောင်း၊ (၆၀)ကီလိုတန်းတွင် ပထမဆုရ ဟိန်းလတ်ဇော်(ရထား)၊ ဒုတိယဆုရ ဖြိုးကိုကို (အား/ကာ)နှင့် ပူးတွဲတတိယဆုရ ဝင်းလှိုင်ထွေး (ကာကွယ်ရေး)နှင့် ဇော်မင်းအောင် (ကာကွယ်ရေး) တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက လည်းကောင်း၊ (၆၆)ကီလိုတန်း ပထမဆုရ စောမိုင်းစံ (ရထား)၊ ဒုတိယဆုရ ညီညီ(စက်မှု-၁) နှင့် ပူးတွဲတတိယဆုရ ထက်အောင်ဇော် (ကာကွယ်ရေး)နှင့် သက်စိုးဦး (ကာကွယ်ရေး)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က လည်းကောင်း၊ (၅၂)ကီလိုတန်းတွင် ပထမဆုရ ခင်ခင်စု (စက်မှု-၁)၊ ဒုတိယဆုရ သဉ္ဇာစိုး(ရထား)နှင့် ပူးတွဲတတိယဆုရ ကြူကြူသိန်း (စက်မှု-၁) နှင့် ယဉ်သူအေး(အား/ကာ) တို့အား ဂျပန်သံရုံးမှ အကြံပေးအရာရှိ ဒေါ်နှင်းစုလှိုင်(ခေါ်) Ms. Atsuko Minzuno က လည်းကောင်း၊ (၅၇) ကီလိုတန်းတွင် ပထမဆုရ ဇင်မီမီသန်း (ရထား)၊ ဒုတိယဆုရ အိဖြူစင် (စက်မှု-၁) နှင့် ပူးတွဲတတိယဆုရ နန်းခမ်းထည် (အား/ကာ)နှင့် ဖြိုးရွှေစင်ကျော် (အား/ကာ)၊ (၆၃)ကီလိုတန်းတွင် ပထမဆုရ ကြူကြူအေး (အား/ကာ)၊ ဒုတိယဆုရ မေဦးခိုင် (စက်မှု-၁)နှင့် တတိယဆုရ နန်းချမ်းချမ်းမြေ့ (အား/ကာ)တို့အား ဂျပန်သံရုံးမှ ပထမအတွင်းဝန် Ms. Masako Sato က လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အတိုးတက်ဆုံး အမျိုးသမီး အားကစားသမားဆုကို (၅၇) ကီလိုတန်းမှ အိဖြူစင် (စက်မှု -၁) အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တာဝန်ခံ နာယက ဒေါ်ရွှေသက်က လည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသား အားကစားသမားဆုကို (၆၀)ကီလိုတန်းမှ ဖြိုးကိုကို (အား/ကာ)အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုကို (၅၇) ကီလိုတန်းမှ ဇင်မီမီသန်း(ရထား)၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆုကို (၆၀)ကီလိုတန်းမှ ဟိန်းလတ်ဇော် (ရထား)တို့အား JCCY ဥက္ကဋ္ဌ Mr. Toru Hiroe က လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် သုံးခုဖြင့် ပထမရရှိသော စက်မှု(၁) အသင်းအား ဂျပန်သံရုံး ယာယီတာဝန်ခံ Mr. KARUYUKI TAKEUCHI က JAPAN CUP ဆုဖလားကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် သတ္တမအကြိမ်မြောက် JAPAN CUP ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် သုံးခုဖြင့် ပထမရရှိသော စက်မှု(၁)အသင်းအား ဂျပန်သံရုံးယာယီတာဝန်ခံ Mr. KARUYUKI TAKEUCHI က JAPAN CUP ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၁၀ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st October 2010

"သက်ရွယ်စုံညီ ၊ လူ့အဖွဲ့အစည်းဆီသို့"

"TOWARDS A SOCIETY FOR ALL AGES"

[illegible]

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော ကွမ်းလုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၇ ရက်တွင် ဟိုပန်မြို့နယ် ပန်လုံကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ (အောက်ပုံ)

ထို့မှတစ်ဆင့် ဟိုပန်-မန်မိန်းဟုန်း-ပန်လုံလမ်း လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဟိုပန်မြို့ ပြည်သူ့ဆေးရုံ အဆောက်အအုံ သစ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့် ကွမ်းလုံတပ်နယ်ခန်းမသို့ရောက်ရှိပြီး တပ်နယ်မှ အရာရှိ စစ်သည်၊ ရဲမေမိသားစုများနှင့် တွေ့ဆုံ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဘော်လီဘောအသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှ စတင်၍ ထိုင်းနိုင်ငံ Ratchaburi မြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ဘော်လီဘော အမျိုးသား(လူငယ်) အသင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

မြန်မာ့လက်ရွေးစင် ဘော်လီဘော အမျိုးသား(လူငယ်)အသင်းတွင် နည်းပြဆရာများအဖြစ် ဦးသိန်းဆွေ၊ ဦးတင့်ဝေနှင့် ဦးမောင်ဇော်၊ ဒိုင်လူကြီးအဖြစ် ဦးအောင်နိုင်ထွန်း၊ လက်ရွေးစင်များအဖြစ် အောင်သန်းစိုး၊ ရန်လင်းအောင်၊ ရန်မျိုးအောင်၊ ဇော်မျိုး၊ အောင်ကျော်ထွန်း၊ အောင်စိုးမင်း၊ နေလင်းအောင်၊ အောင်သူ၊ ဘသိန်းတင်၊ ဇင်ဝိုင်းအောင်၊ ဒိုမေးနီကိုနှင့် ကျော်ခိုင်စိုး တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံကျန်းမာရေးတက္ကသိုလ် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

မကွေး စက်တင်ဘာ ၂၂

အခြေခံ ကျန်းမာရေးတက္ကသိုလ် (မကွေး) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျင်းပနိုင်ရေးအတွက် မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကော်မတီဝင် (B.Comm.H) ကျောင်းသားဟောင်းများက စီစဉ်လျက်ရှိကြောင်းနှင့် အခြေခံကျန်းမာရေး မကွေး၏ (1st to 7th Batch) ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလှူငွေများလှူဒါန်းလိုပါက ဦးအောင်ဇော်ထက် ဖုန်း-၀၉-၈၆၄၆၁၀၈၊ ဦးစိုးလင်းထွန်း ဖုန်း-၀၁-၆၂၉၀၈၀၊ ဒေါ်ယဉ်မျိုးဦး ဖုန်း-၀၉-၅၄၁၁၅၁၄ တို့ထံ လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဦးလမင်းထွန်း ဖုန်း-၀၉-၈၅၆၀၀၈၃၊ ဦးခိုင်ဦး ဖုန်း-၀၉-၈၆၃၅၄၅၈၊ ဦးဝင်းပိုင်ထွေး ဖုန်း-၀၄၆-၆၀၁၂၅၊ ဦးကျော်ဇင် ဖုန်း-၀၁-၄၄၈၀၂၉၀၊ ဒေါ်အိမွန်အောင် ဖုန်း-၀၉-၅၁၉၅၁၉၆၊ ဒေါ်ဝင်းကလျာထွန်း ဖုန်း-၀၉-၅၁၇၈၁၆၂ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၆-၉-၂၀၁၀) ရက်နေ့
၂၀၁၀ ခုနှစ် အောက်တိုဘာလအတွက်
(၁၀-၁၀-၂၀၁၀) ရက်နေ့
နှင့်
(၃၁-၁၀-၂၀၁၀) ရက်နေ့

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ကျန်းမာရေးထိခိုက်နိုင်

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို မြို့နယ်များရှိ ဈေးများမှ ဝယ်ယူဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်နေခြင်း၊ အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ငရုတ်သီးမှုန့် အစစ်အမှန် မဟုတ်ခြင်းတို့ကြောင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် ရောစပ်ထားသော အစားအသောက်၊ စံမညီအစားအသောက်များကို ထုတ်လုပ်ခြင်းမပြုရန်၊ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများ သုံးစွဲခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသား အစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်
၁။	ငရုတ်ဆီ (ညို)	ရွှေပုံလွှား
၂။	ရှယ် ငရုတ်ဆီ	ကောင်းမှကောင်း
၃။	ငရုတ်ဆီ (အနီ)နှင့် ငရုတ်ဆီ(အညို)	စိန်ဟင်္သာ
၄။	ငရုတ်ဆီ	စိန်သရဖူ
၅။	ကြက်သွန်ဖြူ ငရုတ်ဆီ (အနီ)နှင့် ကြက်သွန်ဖြူ ငရုတ်ဆီ (အညို)	သရဖီပန်း
၆။	ကြက်သွန်ဖြူ ငရုတ်ဆီ	သန်းကြွယ်
၇။	ငရုတ်ဆီ (အနီ) နှင့် ငရုတ်ဆီ (အညို)	ရွှေလင်းယုန်
၈။	မန်ကျည်းငရုတ်ဆီ (အနီ)နှင့် မန်ကျည်းငရုတ်ဆီ (အညို)	မြားနတ်မောင်
၉။	မန်ကျည်းငရုတ်ဆီ	ယုဇန
၁၀။	ငရုတ်သီး အစိမ်းမှုန့်	မင်းသူကျော်
၁၁။	ငါးပိထောင်း	နတ်သုဒ္ဓါ
၁၂။	Jelly	Well

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိဟောကြားတော်မူသော "တော်သလင်းလပြည့် (ဂုရုဓမ္မအခါတော်နေ့)" တရားတော်
၆း၃၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ** "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၆)
၈း၄၀ ပြန့်ပွားသာသနာဖြစ်တည်ရာ သုဒ္ဓဝိပဿနာရိပ်သာ
၈း၅၅ Activities In The City (မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပရဟိတဂေဟာနှစ်ပတ်လည်နှင့်ပညာရည်ချွန်ဆုပေးပွဲ)
၉း၀၅ တစ်သက်တာစိတ်အေးဖို့ သစ်မွေးစိုက်ကြစို့
၉း၂၀ ဘဒ္ဒန္တဝေပုလ္လဆရာတော် ဝိဇာတမင်္ဂလာသဘင်
၉း၃၅ Science For All (အင်ဂျင်ဝိုင်ဆိုသည်မှာ) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အရှေ့အလယ်ပိုင်းအရပ်၌ရှိသော"
၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၀ The Champion of Dance
၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Device ရဲ့ Marketing Your Service Business)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ Make In A Delicious Way [Yir Sanghivir Asian Dairy(1)]
၁၂း၄၀ လောကီလောကုတ္တရာနှစ်ဖြာ ချမ်းသာဝိသာခါ
၁း၀၀ သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိဟောကြားတော်မူသော "တော်သလင်းလပြည့် (ဂုရုဓမ္မအခါတော်နေ့)" တရားတော်
၁း၄၀ စွယ်တော်လေးဆူ ဆုပန်ယူ
၂း၀၀ MRTV-4 သတင်း
၂း၂၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-မယ်လိုဒီ)
၂း၄၅ ဘဒ္ဒန္တဝေပုလ္လဆရာတော် ဝိဇာတမင်္ဂလာသဘင်
၃း၀၀ တစ်သက်တာစိတ်အေးဖို့ သစ်မွေးစိုက်ကြစို့
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၂)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၆)**
၄း၄၀ ပြန့်ပွားသာသနာဖြစ်တည်ရာ သုဒ္ဓဝိပဿနာရိပ်သာ
၄း၅၅ Activities In The City (မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပရဟိတဂေဟာနှစ်ပတ်လည်နှင့်ပညာရည်ချွန်ဆုပေးပွဲ)
၅း၁၀ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီများရှင်ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၁)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ အားကစားမြင်ကွင်းစုံ
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂၃)**
၇း၁၀ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၂၀ စကားနပန်း (ယောက္ခမနှင့်အတူနေတာကောင်းတယ်၊ ယောက္ခမနှင့်အတူမနေတာကောင်းတယ်)
၉း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၇)**
၁၀း၁၅ ဂီတသရုပ်ပြခန်း (ရတနာမိုင်-မရှိလို့မဖြစ်)
၁၀း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အရှေ့အလယ်ပိုင်းအရပ်၌ရှိသော"
၁၁း၁၅ သင်ယူလေ့လာဂီတပညာ [Live Sound Reinforcement Module; 01 (Speakers)]
၁၁း၃၅ အနုပညာမိုးကောင်းကင်
၁၂း၀၀ လောကီလောကုတ္တရာနှစ်ဖြာ ချမ်းသာဝိသာခါ
၁၂း၁၀ ဖွားချို (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာ-ခင်ဇော် (ကေသီပန်)]
၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် (Device ရဲ့ Marketing Your Service Business)
၁၂း၄၅ ဘဝများ(ဆုပန်ထွာ)
၁း၁၀ ရဲယို့နှင့်ကျန်းမာရေး
၁း၂၀ Make In A Delicious Way [Yir Sanghivir Asian Dairy(1)]
၁း၄၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၂း၀၅ သစ်ခွ
၂း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဝေမိုး)
၃း၀၀ ယွန်းဆိုသည်မှာ. . . (အပိုင်း-၁)
၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၁၅ လှုပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ရုံ (သစ္စာမေတ္တာရွှေမန်းသဘင်-တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
၄း၄၀ စက်မှုစီးပွားထုတ်ကုန်အား (Sunlight Fiber Glass)
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မုဒုံမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံဖွင့်ပွဲ ရက်ပြောင်းလဲ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်၌ မုဒုံမြို့နယ်အသင်း (ရန်ကုန်)က တည်ဆောက်လှူဒါန်းပြီးစီးသည့် လောကဝိဒူဓမ္မာရုံ (မွန်ပြည်နယ်) ဖွင့်ပွဲကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့်အစား စက်တင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဆိုပါနေ့ရက်တွင် ကြွရောက်ကြည်ညိုနိုင်ကြရန် အမှုဆောင်အဖွဲ့က ထပ်မံနှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

◆ **ကျောဖုံးမှ**

အဖြစ် ရတနာပုံ(မြန်မာ)နှင့် ဗာကက်ရှ် (တာဂျစ်ကစ္စတန်)၊ ဒုတိယအကြို ဗိုလ်လုပွဲအဖြစ် ဒိုးဗ္ဗိုင်းဒိုင်နမို (ကာဂျစ္စတန်)နှင့် အက်ရှ်ကာဗက် (တာ့ခ်မင်နစ္စတန်)တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်နှင့် နောက်ဆုံး ဗိုလ်လုပွဲကို စက်တင်ဘာ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ရတနာပုံအသင်းနှင့် ဗာကက်ရှ် အသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲမှာ ထူးခြားချက်တစ်ခုပါဝင်နေပြီး ဒိုင်လူကြီးငါးဦး စမ်းသပ်အသုံးပြုမည့် အစီအစဉ်ကို အာရှတွင် ပထမဦးဆုံး အသုံးပြုမည့်ပွဲဖြစ်လာမည်ဖြစ်သည်။

ရတနာပုံအသင်းသည် နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရသော ပြိုင်ပွဲဖြစ်သလို ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ယှဉ်ပြိုင်ကစားရမည့် ပြိုင်ပွဲဖြစ်သောကြောင့် အောင်မြင်မှုရရှိရေး ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ရတနာပုံအသင်းသာ ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ပါက မြန်မာ့ဘောလုံး တိုးတက်အောင်မြင်ရေးအတွက် အပျော်တမ်းစနစ်မှ ပရော်ဖက်ရှင်နယ်စနစ်သို့ ကူးပြောင်းခဲ့မှုကို မှန်ကန်ကြောင်း ညွှန်းဆိုပြသနိုင်မည်ဖြစ်သလို မြန်မာနေရှင်နယ်လိဂ် (MNL) ကိုလည်း နိုင်ငံတကာမှ ပိုမိုဂရုပြုလာမည်ဖြစ်သည်။ ယင်းအတွက်ကြောင့်လည်း ရတနာပုံအသင်းသည် အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း အပါအဝင် အသင်းတာဝန်ရှိသူများ၊ နည်းပြများ၊ကစားသမားများက အောင်ပွဲရရှိရန် မဆုတ်မနစ် ကြိုးစားလျက်ရှိသည်။

ပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုနှင့် ပတ်သက်၍ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက "ယခုပြိုင်ပွဲတွင် အောင်မြင်မှု ရရှိရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်ထားကြောင်း၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပရသည့်ပြိုင်ပွဲဖြစ်သလို နိုင်ငံတကာပြိုင်ပွဲကို ပထမဦးဆုံး ယှဉ်ပြိုင်ရခြင်းဖြစ်သည့်အတွက် အောင်မြင်မှုရလိုကြောင်း၊ မိမိတို့အသင်းမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရခြင်းဖြစ်သည့်အတွက် ချန်ပီယံဆုဖလားကိုရယူပြီး နိုင်ငံ့ဂုဏ်ဆောင်လိုကြောင်း၊ ယခုပြိုင်ပွဲတွင် နိုင်ငံခြားသားနှစ်ဦးသာ ပါဝင်ခွင့်ရရှိမည်ဖြစ်၍ MNL ပြိုင်ပွဲဝင်အသင်းလောက် အင်အားမတောင့်တင်းသော်လည်း အားမပျော့ပါကြောင်း၊ အုပ်စုပွဲစဉ်များတွင်လည်း မိမိအသင်းအနေဖြင့် အကောင်းဆုံးပုံစံကို ပြသနိုင်ခဲ့ကြောင်း၊ တိုက်စစ်မှူးရန်ပိုင်မှာ အကြိုဗိုလ်လုပွဲတွင်

ကွင်းလယ်လူ အောင်ကျော်မိုး။

ပါဝင်ကစားနိုင်မည်ဖြစ်၍ ဗာကက်ရှ်ကို အနိုင်ရမည်ဟု ယုံကြည်ကြောင်း၊ ဗာကက်ရှ်အသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်သော်လည်း မိမိတို့နိုင်ငံခြေရှိကြောင်း၊ အမှားမပြုလုပ်မိရန်သာ အရေးကြီးကြောင်း၊ မန္တလေးမြို့မှ ပရိသတ်များလာရောက်အားပေးနိုင်ရန် ရထားနှစ်စင်းစီစဉ်ပေးထားကြောင်း၊ အကြိုဗိုလ်လုပွဲ

"နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရတဲ့အတွက် ချန်ပီယံဆုဖလားရယူပြီး နိုင်ငံ့ဂုဏ်ဆောင်လိုပါတယ်။"

ဒေါက်တာ စိုင်းဆမ်ထွန်း
(ရတနာပုံအသင်းပိုင်ရှင်)

အတွက် တစ်စင်းနှင့် ဗိုလ်လုပွဲအတွက် တစ်စင်းဖြစ်ကြောင်း၊ တစ်ပွဲလျှင် ပရိသတ် ၁၇၀၀ မှ ၂၀၀၀ ဝန်းကျင် ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခြင်းဖြစ်သည့်အတွက် မြန်မာ့ဘောလုံးပရိသတ်အားလုံး အားပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ အားပေးကြမည်ဟုလည်း ယုံကြည်ကြောင်း၊ ပရိသတ်၏ အားပေးမှုမှာ မိမိတို့အသင်းအောင်မြင်မှုရရှိရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မိမိက အားကစားသမားများကို အောင်မြင်မှုရရှိရန် တွန်းအားပေးထားကြောင်း၊ ပြိုင်ပွဲတွင် ပထမရသည့် အသင်းအားဆုကြေး အမေရိကန်ဒေါ်လာ ငါးသောင်း၊ ဒုတိယဆုရအသင်းအားဆုကြေး အမေရိကန်ဒေါ်လာ နှစ်သောင်းငါးထောင် ချီးမြှင့်မည်ဖြစ်ကြောင်း၊ ဗိုလ်စွဲခဲ့ပါက ဆုကြေးငွေများအပြင် မိမိက ဆုကြေးငွေများစွာ ထပ်မံချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ရတနာပုံအသင်းအနေဖြင့် ယခု AFC President's Cup ပြိုင်ပွဲမှာရော MNL ပြိုင်ပွဲမှာပါ ဗိုလ်စွဲမည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသွားသည်။

ပြိုင်ပွဲဝင်ရတနာပုံအသင်းတွင် အုပ်ချုပ်သူအဖြစ် မစ္စတာယိုအန်၊ နည်းပြချုပ်အဖြစ် ဦးဇော်လင်းအောင်၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ထူး၊ ကစားသမားများအဖြစ် ဂိုးသမား-ယဉ်မင်းအောင်၊ ဖြိုးကိုကိုလှိုင်၊ ဇော်လင်းအောင်၊ သူရကိုကို၊ နောက်တန်း-ခင်မောင်ထွန်း၊ ဂျီနွန်ဆီယန်၊ ကျော်ခိုင်ဝင်း၊ ရဲဇော်ထက်အောင်၊ ချစ်စမ်းမောင်၊ ကျော်ဇေယျာမင်း၊ သက်ပိုင်စိုး၊ မောင်သန့်၊ အလယ်တန်း- အောင်ကျော်မိုး၊ ကိုနေး၊ ထွန်းထွန်းဝင်း၊ အောင်ချမ်းမိုး၊ အေးမိုး၊ မိုးမြင့်သူ၊ ရဲကိုဦး၊ ရှေ့တန်း-ရန်ပိုင်၊ ပိုင်စိုး၊ သက်နိုင်နှင့် မင်းမင်းထွန်းတို့ ပါဝင်ကြသည်။

AFC President's Cup ပြိုင်ပွဲ အကြိုဗိုလ်လုပွဲရောက် အသင်းလေးသင်းနှင့် စာနယ်ဇင်းတွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲရောက် အသင်းလေးသင်းနှင့်စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို စက်တင်ဘာ ၂၃ ရက် (ယနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲ ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက် တွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည် ဖြစ်ပြီး ပထမအကြိုဗိုလ်လုပွဲအဖြစ် ညနေ ၃ နာရီခွဲတွင် ရတနာပုံ (မြန်မာ)နှင့် ဗာကက်ရှ် (တာဂျစ်ကစ္စတန်)ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ည ၇ နာရီတွင် ဒိုဗ္ဗိုင်းဒိုင်နမို(ကာဂျစ္စတန်)နှင့် အက်ရှ်ကာမက် (တာ့ခ်မင်နစ္စတန်)တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (ကြေးမုံ)



မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် B.O.T ကုမ္ပဏီလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်း

နေပြည်တော် စက်တင်ဘာ ၂၂

မန္တလေးတိုင်း ဒေသကြီးအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး၊ ခရိုင်/မြို့နယ် အင်ဂျင်နီယာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အင်ဂျင်နီယာမှူးကြီး ဦးစိုးအောင် **(အပေါ်ပုံ)**က အဖွင့်အမှာ စကားပြောကြားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)မှ B.O.T ကုမ္ပဏီလုပ်ငန်းရှင်များအား ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသည့် ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာတစ်ဖွဲ့ချင်းက လုပ်ငန်းဆောင်ရွက်မည့် စီမံချက် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ခရိုင်၊ မြို့နယ် အင်ဂျင်နီယာများက မိမိတို့နယ်မြေအတွင်း B.O.T ကုမ္ပဏီလုပ်ငန်းရှင်များ၏ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ရှင်းလင်းချက်များအပေါ် တိုင်းအင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ရှင်းလင်း၍ လုပ်ငန်းဆိုင်ရာများကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❐ **ရေနံယိုဖိတ်မှ**

ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ငါးမန်းသတ္တဝါများ၏ ဂေဟာစနစ်ထိခိုက်ခြင်းရှိ၊ မရှိ အမေရိကန် သိပ္ပံပညာရှင်များ လေ့လာလျက် ရှိကြသည်။

ဒီးဝေါတားဟော်ရိုက်ဇင် (Deepwater Horizon)အမည်ရှိ ကမ်းလွန်ရေနံတူးစင် ပေါက်ကွဲပြိုကျမှုကြောင့် ရေနံယိုဖိတ်မှု၏ ကာလရှည်ဆိုးကျိုးသက်ရောက်မှုများကို သိပ္ပံပညာရှင်များ လေ့လာလျက်ရှိကြသည်။

သိပ္ပံပညာရှင်များသည် အိုးရှင်းနားလတ္တီကျူ့ (Oceana Latitude)အမည်ရှိ သင်္ဘောကိုအသုံးပြု၍ပင်လယ်ရေအောက်စူးစမ်းလေ့လာမှုများကို ပြုလုပ်လျက်ရှိကြသည်။ ပေ ၁၇၀ အရှည်ရှိ အဆိုပါ သင်္ဘောသည် ရေတိမ်ပိုင်းမှာရော၊ ရေနက်ပိုင်းမှာပါ သွားလာနိုင်ပြီး သုတေသနရေယာဉ်အဖြစ် အသုံးပြုနိုင်သည်။

ဝါရှင်တန်အခြေစိုက် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သော အိုးရှင်းနားအဖွဲ့၏ အမေရိကန်၊ ချီလီနှင့် စပိန်ရုံးခွဲများမှ သိပ္ပံပညာရှင်များသည် ရေငုပ်သမားများနှင့် ပင်လယ်ရေအောက် ဓာတ်ပုံရိုက်ကူးသူများကို အသုံးပြုကာ မက္ကဆီကိုပင်လယ်ကွေ့တွင် လေ့လာလျက်ရှိကြသည်။

သိပ္ပံပညာရှင်များသည် ဩဂုတ်လ ဆန်းမှစ၍ လေ့လာခဲ့ကြပြီး နှစ်လကြာမြင့်မည့် လေ့လာရေးခရီးစဉ်အတွင်း ပင်လယ်ရေအောက်ကြမ်းပြင် လေ့လာမှုအခြေအနေ၊ ရေသတ္တဝါများ၏ ကျက်စားနေထိုင်မှုအခြေအန၊ ရွှေ့ပြောင်း ကျက်စားတတ်သော ပင်လယ်ပျော်ငှက်များ၏ အခြေအနေတို့နှင့် ပတ်သက်၍ သတင်းအချက်အလက်များရရှိရန် ကြိုးပမ်းလျက်ရှိကြသည်။

သိပ္ပံပညာရှင်များသည် ရေနံယိုဖိတ်မှုကြောင့် မျိုးသုဉ်းနိုင်သော ပင်လယ်လိပ်များ ထိခိုက်နိုင်မှုကို လေ့လာခဲ့ကြပြီး ယခုအခါ ငါးမန်းများ၏ ဂေဟစနစ်ပျက်စီးမှုရှိ၊ မရှိ စူးစမ်းလေ့လာလျက်ရှိကြသည်။

အင်တာနက်။

ရွှေပြည်သာမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၄ ရက်က ကျင်းပရာ စတုတ္ထတန်းတွင် မြို့နယ်အဆင့် ပထမဆုရ မသိန်းသိန်းအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထီသိမ်ရေကူတမံ ရေပိုလွှဲမြေနှင့် နုန်းများ ပြန်လည်ဆယ်ယူသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၃) လမ်းမကြီးတစ်လျှောက် ရေမြောင်းတူးဖော်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန်လျင်-ကျောက်တန်းလမ်းမကြီးနှင့် ဆက်သွယ်နေသည့် ပြည်တော်အေး-ကျုံကန်တာဆုံကျေးလက်လမ်း ဆိုင်းဘုတ်စိုက်ထူစဉ်။ (မြို့နယ်စည်ပင်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပုလုံးတုံးတုံးရွာအဝင် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ရန်ကုန်မြို့ (ကမာရွတ်ဘဏ်ခွဲ)ကို ၁၆-၉-၂၀၁၀ရက် (ကြာသပတေးနေ့)တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာများ
ASIA EXPRESS GROUP OF COMPANIES

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၁၆-၉-၂၀၁၀ ရက်တွင် MAX MYANMAR GROUP OF COMPANIES ၏ ရောဝတီဘဏ် (ရန်ကုန်) အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စိန်သဟာကုမ္ပဏီလီမိတက်
ဦးစံရွှေအောင်နှင့်သားများ
ကိုအန်းကူ-ဒေါ်သန်းသန်းယု
ဘုရင့်နောင်ဈေး**

50 LEARNING CENTER

1. သင်္ဘောသား အင်္ဂလိပ်စကားပြောသင်တန်း (Marlins)
Marlins English for Seafarers (SP 1),IMO SMCP & SNCP(IMO Model Course 3.17 အတိုင်းသင်ပြီး Marlins Computer Base Test ဖြင့် စစ်ဆေး ပေးသည့်သင်တန်း ကာလ > 1 month) Mon-Fri
(Recruiting Agency များအတွက် Study Pack အလိုက် ...)
2. သင်္ဘောသားဝင်ခွင့်အင်္ဂလိပ်စာသင်တန်း(BEST)
Basic English Skill Test (သင်တန်းကာလ > 2 weeks)
- ... (Mon-Fri) ...
- ... (Mon-Fri) ...

ကောင်းသန့်

ကိုယ်တိုင်လေ့လာ လက်စွဲကွန်ပျူတာ
Windows 7
(Masterpiece)

USING Laptops
AUNG MYINT (M.E. AUSTRALIA)

ထူးမြတ်ကြယ်

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
ဒေါ်ခင်စိုးဝေ B.A M.A (English)

လမင်းမိုမို
တွဲလက်မြဲမြဲ

မင်းမြတ်သူရ
မြည်လုံးချမ်းသာဂိုဏ်း

ကားလင်းဖလား တတိယအဆင့်ပြိုင်ပွဲ အာဆင်နယ်နှင့် ဘာမင်ဂမ်တို့ နောက်တစ်ဆင့်တက်

လန်ဒန် စက်တင်ဘာ ၂၂

ကားလင်းဖလားတတိယအဆင့်ပထမနေ့ပြိုင်ပွဲများကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အာဆင်နယ်နှင့် ဘာမင်ဂမ်တို့ နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်သွားပြီဖြစ်သည်။

စပါး ၁-၄ အာဆင်နယ်

စပါးအသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ဘတ်စ်ဆောင်း၊ အီကော့တို၊ ဘန်တလေ၊ ပလာစီယို့စ်၊ ပက်လူချန်ကို၊ ဂျီအိုဗန်နီတို့ပါဝင်ခဲ့ပြီး လင်နွန်နှင့်ရော်ဘီကိန်းတို့မှာ ပွဲချိန် ၄၆ မိနစ်တွင်မှ လူစားလဲဝင်ရောက်ကစားခဲ့သည်။ အာဆင်နယ်အသင်းတွင် ဖာဘရီဂက်စ်ပါဝင်ခြင်းမရှိဘဲ ကွင်းလယ်တွင် ရိုဆစ်စကီး၊ ဒီနယ်လ်ဆင်နှင့် ဝီရှိုင်းယားတို့ပါဝင်ခဲ့သည်။

နောက်တစ်ဆင့်တက်

ပထမပိုင်း ၁၆ မိနစ်တွင် လန်စဘူရီက အာဆင်နယ်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ၄၉ မိနစ်တွင် ရော်ဘီကိန်းက စပါးအတွက် ချေပဂိုးပြန်လည်သွင်းယူသွားသည်။ ထို့နောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲကစားချိန် မိနစ် ၉၀ ကို တစ်ဂိုးစီသရေဖြင့်သာ ပြီးဆုံးစေခဲ့သည်။



အာဆင်နယ်အသင်းမှ နာဆရီနှင့် ဝီရှိုင်းယား။

အာဆင်နယ်အတွက် အနိုင်ဂိုးကို နာဆရီ ပယ်နယ်တီမှ သွင်းယူစဉ်။

ထို့ကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ၉၂ မိနစ်နှင့် ၉၆ မိနစ်တို့တွင် နာဆရီက ပယ်နယ်တီနှစ်လုံးကန်သွင်းပြီး အာဆင်နယ်အတွက် အနိုင်ဂိုးများသွင်းပေးကာ ၁၀၅ မိနစ်တွင် အာရှာဗင်က နောက်ထပ်တစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် အာဆင်နယ်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်နိုင်ခဲ့သည်။

ဝင်းတင်(ကြေးမုံ)

အခြားပွဲစဉ်ရလဒ်များ

ဘာမင်ဂမ်	၃-၁	MKD
ဘရန့်ဖို့ဒ်	၁-၁	အဲဗာတန်
(ပယ်နယ်တီ	၄-၃	ဖြင့် ဘရန့်ဖို့ဒ်နိုင်)
ဘန်လေ	၁-၀	ဘော်လ်တန်
မီလ်ဝေါလ်	၁-၂	အစ်ဆွစ်ချ်
ပီတာဘရော့ချ်	၁-၃	ဆွမ်ဆီး
ပို့စ်မောက်	၁-၂	လက်စတာစီးတီး
စတုတ်စီးတီး	၂-၀	ဖူလ်ဟမ်
ဆန်းဒါးလန်း	၁-၂	ဝက်စ်ဟမ်း
ဝုလ်ဗာဟမ်တန်	၁-၁	နော့စ်ကောင်တီ
(ပယ်နယ်တီ	၄-၂	ဖြင့် ဝုလ်ဗာဟမ်တန်နိုင်)

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ရေးဖွဲ့သီရာစာကဗျာ လင်္ကာ (အပိုင်း-၁)
၇:၃၀ ၄။ ဓမ္မပူဇာတေး
၇:၃၅ ၅။ မျိုးချစ်တပ်မတော်
၇:၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၆)
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၅၁)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား(အပိုင်း-၁၇)**
၂၃။ ဂီတရင်ခုန်သံ
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ကျိုင်းတုံ-မိုင်းဖြတ်-မိုင်းယောင်း လမ်းလုပ်ငန်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းအခြေအနေနှင့် ဝမ်ဖတံတားကြွခိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မိုင်းဖြတ်-မိုင်းယောင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် စက်တင်ဘာ ၁၇ ရက်တွင် မိုင်းယောင်းတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ မိုင်းယောင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများပေးအပ်၍ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ ဟောပြော

တောင်ကြီး စက်တင်ဘာ ၂၂

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို တောင်ကြီးမြို့ တက္ကသိုလ်ဘွဲ့နှင်းသဘင် ဘက်စုံခန်းမ၌ စက်တင်ဘာ ၉ ရက်က ကျင်းပရာ တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူး တင်စိုးရှိန်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေ၊ ဒုတိယရဲမှူးကိုဝင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ ဒုတိယရဲမှူးရဲနိုင်နှင့် ရဲအုပ်သန်းဦးတို့က အသီးသီး ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ယင်းအခမ်းအနားသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများနှင့် လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။ (ကညန)

မအူပင်မြို့နယ် ဥက္ကဋ္ဌဖလား ဆုချီးမြှင့်

မအူပင် စက်တင်ဘာ ၂၂

မအူပင်မြို့နယ် အားကစားကွင်း၌ စက်တင်ဘာ ၅ ရက်တွင် ကျင်းပသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက် (၂၀) နှင့် အောက် ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမှတ်(၂) ရပ်ကွက်အသင်းနှင့် အမှတ်(၁၂)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနိုင်ရဗိုလ်စွဲသွားသော အမှတ် (၂) ရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးချစ်က ဒိုင်းဆုချီးမြှင့်သည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

ကြံအထွက်တိုးရေး သင်တန်း ဖွင့်လှစ်

နောင်ချို စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ကြံနှင့်ကြံထွက်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းမှ ဦးဆောင်၍ ကြံသီးနှံ အထူးအထွက်တိုးပညာပေးသင်တန်းကို စက်တင်ဘာ ၁၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆမ်ဆယ်ကျေးရွာ ဆင်းရွှေလီသကြား စက်ရုံခန်းမ၌ ကျင်းပရာ**(အောက်ပုံ)** မြန်မာနိုင်ငံ ကြံနှင့်ကြံထွက်ပစ္စည်း ကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိုးလင်းက အဖွင့်အမှာစကားပြောကြားပြီး ကြံသီးနှံလုပ်ငန်းဌာန (စီမံကိန်းနှင့် သုတေသနဌာနခွဲ)ကြံသုတေသီပညာရှင် ဦးစံသိန်း (အငြိမ်းစားအထွေထွေမန်နေဂျာ)က ကြံသီးနှံ အထွက်တိုးစေသည့် နည်းလမ်းများ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

အောက်တိုဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၂

မြူးထူးပျော်ပါး ငှက်ကျားသတ္တဝါများ၏ မျက်နှာဖုံးခတ်ပုံနှင့်အတူ မန်းတင့်မော်၊ မောင်ငြိမ်းရည် (မင်းကင်း) တို့၏ ဝါလကင်းလွတ်သီတင်းကျွတ် သရုပ်ဖော်ကဗျာများ၊ တင်အောင်နီ၊ မြေဇာ၊ ဖေစန်း၊ အကိန်း၊ ဘယ်ကျော်၊ ကိုငယ်၊ ပန်းချီဇော်သိုက်တို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက်ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ ကာတွန်းမောင်ဒင်၏"အဖြေညှိစရာ ပဟေဠိပါ"၊ အေးမြဆွေ(သတ္တဗေဒ)၏ ပုံပြင်ရှည်၊ Waddi Oo ၏ "English For Tayza" ကဏ္ဍ၊ ကလေးတို့၏အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံစာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် ဒုတိယဆုရ ကျောင်းသူလေး မအိပိုပိုအောင်၏ ဆုရစာစီစာကုံး ပါရှိပါသည်။

တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁) (၃၂)လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေမိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူ ဖတ်ရှုနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် မန္တလေးရုံးခွဲ ဖွင့်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၂၂

မသန်စွမ်းသူများနှင့်ဖွဲ့စည်းထားသည့် မသန်စွမ်းသူများ၏ အကျိုးကို ဆောင်ရွက်ပေးနေသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)အထက်မြန်မာပြည်ရုံး(မန္တလေး)ဖွင့်ပွဲကို စက်တင်ဘာ ၄ ရက်က အမှတ်(၄) ၃၃လမ်း ၆၇×၆၈လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး၌ ဖွင့်လှစ်ရာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးမြတ်သူဝင်းတို့က ရုံးခန်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** (ကြေးမုံ)

အမြို့မြို့အနယ်နယ်တွင် တိုးတက်စည်ပင်

ခမောက်ကြီးမြို့ စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ကော့သောင်း - ဘုတ်ပြင်း လမ်းဘေး ဝဲ၊ ယာ မြက်ဖြတ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆင်မြီးဆွဲ-အင်းမလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်များ စုဆောင်းထားမှုကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဝေးပြေးလမ်းမကြီးနှင့် ဆက်စပ်လျက်ရှိသည့် ခရမ်း-ပုဂံတောင်လမ်း၊ ခရမ်း-ဒေးပေါက်လမ်းနှင့် ခရမ်း-ကွမ်းမိုးဒိန်းလမ်း ကျေးလက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရုံးနှင့် ပန်းခြံနောက်လှိုင်းကာ ကျောက်တန်းမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)



မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေနုတ်မြောင်း ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်တာနက်သတင်း

ရေနံယိုဖိတ်ခဲ့သော မက္ကဆီကိုပင်လယ်ကွေ့၌ ငါးမန်းတို့၏ ဂေဟစနစ်ကို လေ့လာ

ဘာသာပြန်-သတင်းလုလင်

ဝါရှင်တန် စက်တင်ဘာ ၂၂

မက္ကဆီကိုပင်လယ်ကွေ့တွင် လွန်ခဲ့သည့်ငါးလခန့်က ကမ်းလွန်ရေနံတွင်းတူးစင် ပေါက်ကွဲပြိုကျမှုဖြစ်ပွားခဲ့မှုကြောင့် ရေနံဂါလန်သန်း ၂၀၀ ယိုဖိတ်မှု **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❐

ရေနံယိုဖိတ်မှုကြောင့် ရေသတ္တဝါများ ထိခိုက်မှု အခြေအနေကို လေ့လာလျက်ရှိသော သိပ္ပံ ပညာရှင်များ လိုက်ပါလာသည့် Oceana Latitude သင်္ဘောကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကွင်းလယ်တိုက်စစ်ကစားသမား ထွန်းထွန်းဝင်း။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၉-၂၀၁၀

လယ်ဝေး	၂	ဒသမ	၀၁	လက်မ
နေပြည်တော် (ရေဆင်း)	သုည	ဒသမ	၈၆	လက်မ
ပျဉ်းမနား	သုည	ဒသမ	၆၃	လက်မ
ပေါင်	၃	ဒသမ	၆၆	လက်မ
စဉ့်ကူး	၂	ဒသမ	၅၀	လက်မ
မိတ္ထီလာ	၁	ဒသမ	၉၄	လက်မ

အောင်မြင်မှုမှတ်တိုင်သစ် စိုက်ထူနိုင်ရေး AFC President's Cup ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲရန် ကြိုးပမ်းမည့် ရတနာပုံ F.C

ရတနာပုံအသင်းဆိုသည်နှင့် မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်သို့ ကူးပြောင်းပြီးကျင်းပသည့် MNL ပြိုင်ပွဲ နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုဖလား ရရှိထားသည့် အသင်းအဖြစ် မြန်မာ့ဘောလုံးပရိသတ်များ သိရှိပြီးဖြစ်သည်။ ယခုလည်း နိုင်ငံတကာပြိုင်ပွဲတွင် အောင်မြင်မှု ထပ်မံရယူနိုင်ရန်အတွက် ရတနာပုံအသင်းကို ထပ်မံစောင့်ကြိုနေပြန်ပြီဖြစ်သည်။

ရတနာပုံအသင်းသည် စက်တင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC President's Cup ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မေလအတွင်းက ကျင်းပခဲ့သော 2010 AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် ရတနာပုံအသင်းသည် အုပ်စု(ဂ)တွင် ပါဝင်ခဲ့ပြီး အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုပထမရသုံးသင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယရအသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခြင်းလည်းဖြစ်သည်။ အုပ်စု(ခ)နှင့် အုပ်စု(ဂ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ရတနာပုံအသင်းသည် ဒရက်စတား (ဘူလ်တန်)ကို ၁၁ ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အက်ရှ်ကာမက်(တာ့ခ်မင်နစ္စတန်)ကို ဂိုးမရှိ သရေကစားကာ ရမှတ်လေးမှတ်ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ AFC President's Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် မြန်မာကလပ်အသင်းများထဲတွင် ရတနာပုံအသင်းမှာ ပထမဦးဆုံးအကြိမ် အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

AFC President's Cup ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များအတွက် ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက်က ရန်ကုန်မြို့

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

တွင် ကျင်းပခဲ့ပြီး AFC ပြိုင်ပွဲကျင်းပရေး ဒါရိုက်တာ မစ္စတာဆူဇူကီးက မဲနှိုက်ရွေးချယ်ပေးခဲ့သည်။ ပထမအကြိုဗိုလ်လုပွဲ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆



ရတနာပုံ F.C အသင်းခေါင်းဆောင် ခင်မောင်ထွန်း။